International Labour Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၁။ကလေးအလုပ်သမားကိစ္စက ဘယ်လောက် အရေးကြီးပါသလဲ။

ဤသင်ခန်းစာသည် ကလေးအလုပ်သမားကိစ္စကို မည်ကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုမှုအား နားလည်ရန်နှင့် မည်သည့်အတွက်ကြောင့် ထိုကိစ္စကို တုံ့ပြန်ဖြေရှင်းရန် အရေးကြီးကြောင်းကို အကူအညီပေးမည်ဖြစ်သည်။ ယခုသင်ခန်းစာပါသဘောတရားများသည် သင်၏အခြေခံအုတ်မြစ်ဖြစ်သည်။ ယင်းအတွက်ကြောင့် အခြားသင်ခန်းစာများသို့မသွားမီ ဤသင်ခန်းစာကို ဦးစွာပြီးစီးအောင် လေ့လာခြင်းက ပိုကောင်းပါသည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု** – အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၁) ကလေးအလုပ်သမား ကိစ္စက ဘယ်လောက်အရေးကြီးပါသလဲ။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများ ထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံး အဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

မျက်နှာဖုံးဓာတ်ပုံ – © ပင်နွန် နှင့် အေးအေးခိုင်/ အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လဲ့ကေခိုင်၊ စောဆာကပေါ၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)” (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်”(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံအစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)” (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# ဥပဒေအဓိပ္ပာယ်

ကမ္ဘာအဝှမ်းတွင် ကလေးအလုပ်သမားအဖြစ်လုပ်ကိုင်နေသည့် ကလေးအရေအတွက်သည် သန်း ၁၆၀အထိ များပြားလာပြီး၊ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်နှင့် ၁၇ နှစ်ကြား ကလေးဆယ်ယောက်တွင် တစ်ယောက်သည် ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်နေသည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ၏ နောက်ဆက်တွဲသက်ရောက်မှုသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်အတွင်း အလုပ်အကိုင် ၁.၆ သန်း ဆုံးရှုံးမှု ဖြစ်ပွားစေရန် တွန်းပို့သည့်အကြောင်းတရားများဖြစ်ပြီး၊ အိမ်ထောင်မိသားစုများ၏ ထိခိုက်လွယ်သည့် အခြေအနေကို ပိုမိုဆိုးရွားလာစေကာ ကလေးအလုပ်သမားကို အားကိုးအားထား ပြုရသည့်အခြေအနေကို ဆိုက်ရောက်စေပါသည်။ သန်းပေါင်းများစွာသော ကလေးသူငယ်များသည် အန္တရာယ်ရှိသည့်အခြေအနေကို ရောက်ရှိနေသည့်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အချိန်နှင့်တပြေးညီ စုပေါင်းတုံ့ပြန်ဆောင်ရွက်ရန် ယခင်ကထက် ပိုမို အရေးကြီးလာပါသည်။

၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အိုင်အယ်လ်အို မြန်မာသည် ILO Myanmar e-campus တွင် ဝင်ရောက်လေ့လာနိုင်သည့် သင်ခန်းစာခေါင်းစဉ် (၉) ခု ပါဝင်သည့် “ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်သင်ခန်းစာ ပေါင်းချုပ် ”ကို မိတ်ဆက်ထုတ်ဝေနိုင်သည့်အတွက် ဝမ်းမြောက်မိပါသည်။ ဤသင်ခန်းစာပေါင်းချုပ်သည် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးလုံးဖြင့် ပုံနှိပ်ထုတ်ဝေထားပြီး၊ အိုင်အယ်လ်အို၏ အလွန် အောင်မြင်မှုရရှိခဲ့သည် e-campus တွင် ဝင်ရောက်လေ့လာနိုင်သော ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်ကိုသင့်လျော်အောင် ပြင်ဆင်ရေးဆွဲပြုစုထားခြင်း ဖြစ်ပါသည်။

ယခုမိတ်ဆက်ထုတ်ဝေလိုက်သည့် သင်ခန်းစာပေါင်းချုပ်အသစ်သည် ကွန်ပျူတာ/အင်တာနက်တို့နှင့် မချိတ်ဆက်ပဲ လေ့လာသင်ယူသူများ၊ အထူးသဖြင့်မြန်မာနိုင်ငံအနှံ့အပြားရှိ ဝေးလံခေါင်ဖျားဒေသများနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့်ဒေသများတွင် ကောင်းမွန်မြန်ဆန်သည့် အင်တာနက်ချိတ်ဆက်မှုအသုံးမပြုနိုင်သူများနှင့်မြန်မာနိုင်ငံပြင်ပရှိ မြန်မာရွှေ့ပြောင်းသွားလာသူများအနေဖြင့်ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် အရေးပါသည့်နည်းလမ်းများကို လေ့လာသင်ယူနိုင်စေရန်အတွက် ပံ့ပိုးကူညီပေးနိုင်ပါလိမ့်သည်။

အချုပ်အားဖြင့်ဆိုသော် အွန်လိုင်းသင်ကြားရေးပုံစံနှင့် ပုံနှိပ်ထုတ်ဝေမှုပုံစံအဖြစ် ရေးဆွဲပြုစုထားသည့် ဤသင်ခန်းစာအစီအစဉ်များသည် အရပ်ဖက်မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းများ၊ အလုပ်ရှင်များနှင့်အလုပ်သမားအဖွဲ့အစည်းများအနေဖြင့်၎င်းတို့၏လူမှုအသိုင်းအဝန်းများတွင် ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို ထိထိရောက်ရောက်လေ့လာဆန်းစစ်ပြီး ဝိုင်းဝန်းထုတ်ဖော်ပြောဆိုပေးနိုင်ရန် ရည်ရွယ် ပါသည်။ ထို့အပြင် ဝင်ရောက်လေ့လာသူများအတွက် ထိုသင်ခန်းစာများမှ ကလေးအလုပ်သမားပပျောက်ရေးကို ပံ့ပိုးပေးသည့် ကြားဖြတ်ဆောင်ရွက်မှုများကို ရေးဆွဲဆောင်ရွက်နိုင်ရန်အတွက်ပြီးပြည့်စုံသောဗဟုသုတများနှင့်အထောက်အကူပြုနည်းလမ်းများကိုပါ မျှဝေပံ့ပိုးပေးထားပါသည်။

ဤပုံနှိပ်ထုတ်ဝေထားသည့် သင်ခန်းစာပေါင်းချုပ်သည် လူမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများအားလုံးအတွက် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် ဗဟုသုတများ ပိုမို တိုးပွားလာစေရန်အတွက် ပံ့ပိုးကူညီပေးနိုင်သော လက်တွေ့ကျသည့် သင်ကြားရေး အထောက်အကူတစ်ခု ဖြစ်လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

မြန်မာနိုင်ငံတွင် အိုင်အယ်လ်အို၏ ကလေးအလုပ်သမားစီမံချက်များကို ငွေကြေးအထောက်အပံ့ ပံ့ပိုးပေးသည့် အမေရိကန်ပြည်ထောင်စု၏ အလုပ်သမားရေးရာဌာန (USDOL)၊ ယူကေနိုင်ငံအစိုးရ၏ Foreign Commonwealth and Development Office (FCDO)နှင့်ဂျပန်အစိုးရ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် ဖူလုံရေးဝန်ကြီးဌာနတို့ကို ကျွန်ုပ်အနေဖြင့် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။



Donglin Li
ဆက်သွယ်ညှိနှိုင်းရေးအရာရှိ/ဌာနေကိုယ်စားလှယ်
အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး ၊ မြန်မာ။

---

ILO and UNICEF, Child Labour: Global Estimates 2020, Trends and the Road Forward, 2021.

Myanmar Ministry of Labour, Employment and Social Security, Central Statistical Organization, and ILO, Myanmar Labour Force, Child Labour and School to Work Transition Survey 2015, 2015.

ILO, Employment in Myanmar since the Military Takeover: A Rapid Impact Assessment, ILO Brief, July 2021.

# အကြောင်းအရာများ


**သင်ခန်းစာ ၁**

သားတို့သူငယ်ချင်းတွေကို ကူညီပေးကြပါ။ ........................................... ၁

**သင်ခန်းစာ ၂**

ဆန်းမင်းထက်၏ ဖြစ်စဉ် ................................................................... ၃

**သင်ခန်းစာ ၃**

လေ့လာရခြင်း၏ရည်ရွယ်ချက်များ ..................................................... ၄

**သင်ခန်းစာ ၄**

ကလေးအလုပ်သမားခိုင်းစေခြင်းကိစ္စ .................................................. ၅

**သင်ခန်းစာ ၅**

ကိန်းဂဏန်းများ ၏ အမှန်တရား ....................................................... ၁၂

**သင်ခန်းစာ ၆**

အကျိုးဆက်များ ............................................................................ ၁၇

**သင်ခန်းစာ ၇**

မိမိကိုယ်ကို အကာဖြတ်သုံးသပ်ခြင်း ..................................................... ၂၀

**သင်ခန်းစာ ၈**

အနှစ်ချုပ် ...................................................................................... ၂၂

**နောက်ဆက်တွဲ အဖြေများ** ..................................................... ၂၄

သင်ခန်းစာ ၁/၈

## ▶ သားတို့သူငယ်ချင်းတွေကို ကူညီပေးကြပါ။

မိုဟာမက်၊ နိုးနိုး၊ ဖိုးဝတို့နှင့် တွေ့ဆုံလိုက်ပါ။
































မြန်မာနိုင်ငံတွင်ရှိသော ကလေးပေါင်း (၁) သန်းကျော်သည်
ကလေးအလုပ်သမားများဖြစ်သည်။

ထိုအထဲတွင် ထက်ဝက်ခန့်မှာ နေ့စဉ် အန္တရာယ်ရှိသော
နေရာများတွင် လုပ်ကိုင်နေကြရသည်။

ကလေးအလုပ်သမားများ ပပျောက်အောင် ဝိုင်းဝန်းတားဆီးကြပါ။

သင်ခန်းစာ ၂/၈

# ဆန်းမင်းထက်၏ဖြစ်စဉ်

**ကလေးများက အလွန်စိတ်မသက်မသာဖြစ်နေကြသည်။**

## ဆန်းမင်းထက်၏ဖြစ်စဉ်

ဆန်းမင်းထက်ရဲ့ဇာတ်လမ်းကို ဖတ်ကြည့်ပါ။ ဆန်းမင်းထက်က အသက် ၁၁ နှစ်လောက်ကတည်းက မြန်မာနိုင်ငံ ကချင်ပြည်နယ်က ကျောက်စိမ်းမြေမှာ မတ်စောက်တဲ့ တောင်စောင်းတွေမှာ အလုပ်လုပ်ရပါတယ်။ သူ့ရဲ့ဘဝက နေ့တိုင်း သေမင်းနဲ့ ကစားနေရပါတယ်။



## လေ့လာဆန်းစစ်ခြင်း

## သေမင်းနှင့်ကစားခြင်း (ရေးသားသူ – ဆိုင်းမိုင် နှင့် ဇင်မင်း)

ကချင်ပြည်နယ်က ဖားကန့်ဒေသမှာ အရည်အသွေးအမြင့်ဆုံး "နန်းစဉ် ကျောက်စိမ်း" တွေ ထွက်ရှိရာကျောက်စိမ်းမှော်ကြီး ရှိပါတယ်။ ဒီဒေါ်လာဘီလီယံပေါင်းများစွာ တန်ကြေးရှိတဲ့ လုပ်ငန်းကြီးရဲ့ အောက်ခြေမှာ တော့နေ့စဉ် အသက်နဲ့ ရင်းပြီး ကျောက်ရှာနေကြတဲ့ တရားမဝင်အလုပ်သမားတွေ ရှိပါတယ်။ အသက် ၁၃ နှစ်အရွယ် ဆန်းမင်းထက်ဟာ မြေစာပုံတွေမှာ ကျောက်ရှာတဲ့ အလုပ်လုပ်နေတာ နှစ်နှစ်ရှိပါပြီ။

ရေမဆေးတွေမှာ အသက်ပေးပြီး ရှာစားရတယ်။ မနေ့ညကလည်း မြေစာပုံမှာ တစ်ယောက်သေတာ ကြည့်ခဲ့သေးတယ်။ ဒီလူငယ်လေးဟာ လွယ်လွယ်ကူကူနဲ့ ချမ်းသာဖို့ အိပ်မက်မက်နေပါတယ်။ ဒါပေမဲ့တကယ်တမ်း က အသက်ဆက်နိုင်ရုံလေးပဲ ရှင်သန်နေရပါတယ်။ ကိုဗစ်–၁၉ ကပ်ကြီးကြောင့် ဒီကျောက်မှော်ထဲမှာ အလုပ်လုပ်ဖို့ လူတွေ၊ အထူးသဖြင့် ထိုင်းနဲ့ တရုတ်နိုင်ငံက ပြန်လာရတဲ့သူတွေ ပိုရောက်လာဖို့ ရှိပါတယ်။

လိုင်စင်ရ ကုမ္ပဏီတွေ စွန့်ပစ်ထားတဲ့ မြေစာပုံကြီးတွေပေါ်မှာ ညကြီးမိုးချုပ်မှာလည်း တက်ရောက်ရှာဖွေ ကြပါတယ်။ ဆန်းမင်းထက်တစ်ယောက် လွန်ခဲ့တဲ့ နှစ်နှစ်လောက်က တစ်သိန်းခွဲလောက်တန်တဲ့ ကျောက်တစ်တုံး ရခဲ့လို့ ပွပေါက်တိုးပြီလို့ ထင်ခဲ့သေးတယ်။ ရတဲ့ပိုက်ဆံလေးထဲက တစ်ဝက်ကို ကုမ္ပဏီလုံခြုံရေးကို ပေးပြီးမှ ကျန်တဲ့ တစ်ဝက်ပဲ အိမ်ကို ပို့နိုင်ခဲ့ပါတယ်။

နှစ်စဉ် လူရာနဲ့ချီပြီး သေဆုံးရပါတယ်။ ဇူလိုင်လ ၂ ရက်၊ ၂၀၂၀ နေ့က ရွံ့ဆူနာမီလို ဖြစ်သွားတဲ့ မြေပြိုမှုမှာပဲ လူပေါင်း ၁၆၃ ယောက် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဆန်းမင်းထက် တို့လို ကလေးတွေအတွက်တော့ ကျောက်တစ်တုံးအတွက် အရာရာကို စွန့်လွှတ်ဖို့ထိ ရူးမိုက်သွားစေပါတယ်။ သူတို့တွေကို ဘယ်သူတွေက ကာကွယ်ပေးမှာလဲ။ မြန်မာနိုင်ငံဟာ ၁၄ နှစ်အောက် ကလေးတွေ အလုပ်လုပ်စေခြင်း နဲ့ ၁၈ နှစ်အောက်တွေ အန္တရာယ်ရှိတဲ့ အလုပ်လုပ်စေခြင်းမှ ကာကွယ်ဖို့ အိုင်အယ်လ်အို ပြဋ္ဌာန်းချက်တစ်ခုကိုအတည်ပြုခဲ့ပါတယ်။ နောက်တစ်ဆင့်ကတော့ လက်တွေ့အရေးယူဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။



## သူဟာ နေ့စဉ် အသက်စွန့်ဆံဖျားလုပ်နေရပါတယ်။

၂၀၂၀ ဇူလိုင်လ ၂ ရက်နေ့က ရွံ့မြေပြိုလို့ လူ ၁၆၃ ယောက်လောက် သေဆုံးခဲ့ပါတယ်။ ကျောက်ရှာတဲ့သူတွေအများကြီးလည်း နှစ်စဉ်နှစ်တိုင်း မတော်တဆမှုတွေကြောင့် သေဆုံးခဲ့ကြရပါတယ်။ ဆန်းမင်းထက်အနေနဲ့ ပိုက်ဆံရဖို့ နေ့တိုင်း သူ့ရဲ့အသက်နဲ့ ရင်းနေရတာ တန်ပါသလား။

## အခြားရွေးချယ်စရာများ ရှိပါသလား။

သင်ခန်းစာ ၃/၈

# ▶ လေ့လာရခြင်း၏ရည်ရွယ်ချက်များ

**မိုဟာမက် ၊ နိုးနိုး နဲ့ ဖိုးဝ တို့ သူတို့ရဲ့ စာမေးပွဲရလဒ်တွေနဲ့ ပတ်သက်တဲ့ စကားဝိုင်းကို အောက်မှာ ဖတ်ရှုပါ။**



ဤသင်ခန်းစာသည် ကလေးအလုပ်သမားပြဿနာအား ဖြေရှင်းရန်နှင့် ကြိုတင်ကာကွယ်ရန် သင်၏ ပထမဆုံးခြေလှမ်းဖြစ်လာနိုင်သည်။ ယင်းသည် သင့်အား ခိုင်မာသောအုတ်မြစ်တစ်ခုပေးနိုင်ပြီး ကူညီလိမ့်မည် ဖြစ်သည်။

- ကလေးအလုပ်သမားပြဿနာသည် ကမ္ဘာလုံးဆိုင်ရာအရရော မြန်မာနိုင်ငံတွင်ပါ မည်မျှပြဿနာကြီးမားသည်ကို နားလည်စေသည်။
- ကလေးအလုပ်သမားဖြစ်စဉ်တစ်ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက် အင်္ဂါရပ်များကို ခွဲခြားနိုင်စေသည်။
- ကလေးများကို ကလေးအလုပ်သမားဖြစ်ခြင်းမှ ကာကွယ်ပေးသည့် မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို စာရင်းနှင့်တကွ သိစေနိုင်သည်။
- မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဖြစ်စေရန် တွန်းပို့သော လူမှုနှင့်စီးပွားရေးဆိုင်ရာ ဆက်စပ်အကြောင်းအရာများကို နားလည်စေသည်။
- ကလေးအလုပ်သမားများ မဖြစ်စေရန် ကြိုတင်ကာကွယ်မှုသည် ကလေးများအတွက်သာမက လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအတွက်ပါ မည်သည့်အတွက်ကြောင့် အရေးပါကြောင်းကို အသိအမှတ်ပြုလက်ခံစေသည်။

## စတင်လေ့လာဖို့အဆင်သင့်ဖြစ်ပြီလား။

သင်ခန်းစာ ၄/၈

# ကလေးအလုပ်သမား ခိုင်းစေခြင်းကိစ္စ

## ကလေးဆိုတာ ဘယ်သူလဲ။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက် (UNCRC) တွင် အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို ကလေးတစ်ဦး အဖြစ်သတ်မှတ်သည်။ ကလေးအားလုံးသည် ကျန်းမာရေးနှင့် ပညာရေး အတွက် တိကျသောအခွင့်အရေးများ ရရှိပြီး ညှဉ်းပန်းနှိပ်စက်မှုနှင့်ခေါင်း ပုံဖြတ် အမြတ်ထုတ်မှုများမှ ကာကွယ်မှု ရရှိကြောင်း ယင်းပြဋ္ဌာန်းချက် တွင် ဖော်ပြထားသည်။ ထို့ပြင် စီးပွားရေးဆိုင်ရာ ခေါင်းပုံဖြတ် အမြတ် ထုတ်မှု တစ်နည်းအားဖြင့်ဆိုရလျှင် ကလေးအလုပ်သမားအဖြစ်မှ ကာ ကွယ်ပေးရန် အခွင့်အရေးများရှိကြောင်း ဖော်ပြထားသည်။



## ကလေးအလုပ်သမားကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ကလေးအလုပ်သမားဆိုသည်မှာ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးအရ သို့မဟုတ် ကိုယ်ကျင့်တရားအရ အန္တရာယ်ရှိပြီး ထိခိုက်စေသော အလုပ်များကို ရည်ညွှန်းပါသည်။ ကလေးအလုပ်သမားအခြေအနေသည်ကလေး၏ကျောင်းပညာရေးကိုအောက်ပါအချက်များဖြင့် အနှောင့်အယှက်ပေးသည်။

- ကျောင်းတက်ရမည့်အခွင့်အရေးကို ပိတ်ပင်စေသည့်အလုပ်
- အချိန်မတိုင်မီ မဖြစ်မနေ ကျောင်းထွက်စေသည့်အလုပ်
- ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သော အလုပ်ကို အချိန်ကြာမြင့်စွာ လုပ်ရသော အလုပ်

## အိမ်မှာ ကူညီပေးရခြင်း

ကလေးအလုပ်သမားပပျောက်ရေးလုပ်ဆောင်ရာတွင် သင်ကြုံတွေ့နေကျစိန်ခေါ်မှု တစ်ခုမှာ ကလေးသူ ငယ်များသည် “အိမ်တွင်ကူညီပေးရခြင်း” ဟူသော အချက်ဖြစ်သည်။ ကလေးများလုံးဝအလုပ်မလုပ်ရဟု ဥပဒေ တွင် မသတ်မှတ်ထားသော်လည်း ကျော်လွန်၍မရသော စည်းတစ်ခုရှိသည်။ အောက်ပါအချက် အလက်ပြရုပ်ပုံတွင် ကလေးတစ်ဦးအနေဖြင့် လုပ်ကိုင်၍အဆင်ပြေသည့်အရာနှင့် အဆင်မပြေသည့်အရာကို ရှင်းပြထားသည်။ ခြားနားချက်များကို နားလည်စေရန် ရုပ်ပုံပေါ်ရှိ ရှင်းလင်းချက်ကို ဖတ်ကြည့်ပါ။



### လူမှုပတ်ဝန်းကျင်နှင့်ဝင်ဆံ့စေမှု၏ အစိတ်အပိုင်းအဖြစ် လုပ်ဆောင်ခြင်း

အိမ်မှာနေစဉ် ကူညီမှုသည် ကြီးပြင်းလာမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းအလေ့အကျင့်သည် ကလေးများအား ကျွမ်းကျင်မှု၊ တာဝန်ယူမှုနှင့် ၎င်းတို့၏ မိသားစုနှင့် လူမှုအသိုက်အဝန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် သင်ကြားပေးပါသည်။မည်သို့ပင်ဆိုစေကာမူ ယင်းသည် ကလေး၏ပညာရေးနှင့် အနားယူချိန်ကိုအနှောင့်အယှက်မဖြစ်စေဘဲ ကလေးအား အန္တရာယ်များနှင့် မကြုံတွေ့စေရန်လည်း လိုအပ်သည်။



### ပေါ့ပါးသောအလုပ် ( ပြဋ္ဌာန်းချက် – ၁၃၈. အပိုဒ် ၇)

ပေါ့ပါးသောအလုပ်များထဲတွင် ကျောင်းချိန်ပြီးဆုံးချိန်၌ အချိန်ပိုင်းအလုပ်လုပ်ခြင်းတို့ပါဝင်သည်။ ထိုအလုပ်သည် ကလေးများအား ဘေးဥပါဒ်အန္တရာယ် ကြုံတွေ့ခြင်းမရှိစေရ။ ပေါ့ပါးသောအလုပ်များထဲမှ အချို့မှာ

- ကျောင်းချိန်အပြီးတွင် နေ့လယ်ခင်း၌ ဆိုင်တွင် ကူညီပေးခြင်း။
- စိုက်ပျိုးရေး၌ ပေါ့ပေါ့ပါးပါးလုပ်ရသောအလုပ် (ဥပမာ – ပေါင်းသင်ခြင်း)။
- ကြက်ကဲ့သို့ ခြံမွေးတိရစ္ဆာန်ငယ်များအား ကျောင်းခြင်း။



### အဆိုးရွားဆုံးပုံစံဖြင့် ကလေး အလုပ်သမား ခိုင်းစေခြင်း (ပြဋ္ဌာန်းချက် –၁၈၂၊ အပိုဒ် ၃)

ရာဇဝတ်ပြစ်မှုနှင့် (သို့မဟုတ်) လူ့အခွင့်အရေးချိုးဖောက်သည့် ဘေးဥပါဒ်အန္တရာယ်ရှိသော အလုပ်မှန်သမျှသည် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းပုံစံအဖြစ်သတ်မှတ်ပါသည်။ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဥပမာများမှာ

- လက်နက်ကိုင်ပဋိပက္ခတွင် အသုံးပြုရန်အတွက် ကလေးများအား အဓမ္မ သို့မဟုတ် အတင်းအကျပ် လူသစ်စုဆောင်းခြင်း အပါအဝင် အတင်းအကျပ် သို့မဟုတ် အဓမ္မ ခိုင်းစေခြင်း။
- ပြည့်တန်ဆာလုပ်ငန်းအတွက်၊ ညစ်ညမ်းစာပေ/ ရုပ်ရှင်များအတွက် ကလေးအား အသုံးပြုခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း။
- ကလေးများအား ဥပဒေနှင့်မညီသော လုပ်ရပ်များ အထူးသဖြင့် မူးယစ်ဆေးဝါးများအား ထုတ်လုပ်ခြင်းနှင့်ကုန်ကူးခြင်း တို့အတွက် အသုံးပြုခြင်း၊ အသုံးပြုခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း။
- လုပ်ကိုင်ရသော အခြေအနေ သို့မဟုတ် သဘောသဘာဝတို့က ကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် ကိုယ်ကျင့်တရားတို့ကို ထိခိုက်နိုင်ခြေရှိခြင်းတို့ဖြစ်သည်။



### ဘေးဥပါဒ်အန္တရာယ်ရှိသော အလုပ် (ပြဋ္ဌာန်းချက် –၁၈၂၊ အပိုဒ် ၃(ဃ)၊ အကြံပြုထောက်ခံချက်–၁၉၀၊ အပိုဒ် ၃)

ကလေး၏ ကျန်းမာရေး၊ ဘေးကင်းစေရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်နိုင်ခြေရှိသည့် မည်သည့်အလုပ်ကိုမဆို အန္တရာယ်ရှိသော အလုပ်ဟုခေါ်သည်။ ဥပမာ –

- အန္တရာယ်ရှိသော စက်ယန္တရားများ၊ ကိရိယာများဖြင့် အလုပ်လုပ်ခြင်း။
- လေးလံသော ဝန်(အရာဝတ္ထု)များကို ကိုင်တွယ်ရခြင်း။
- အန္တရာယ်ရှိသော ဓာတုပစ္စည်းများဖြင့် အလုပ်လုပ်ခြင်း သို့မဟုတ် မြင့်မားသောအပူချိန်တွင် အလုပ်လုပ်စေခြင်း။

## ဤအလုပ်အမျိုးအစားများကိုနားလည်ရန် အရေးကြီးပါသည်။

# ကလေးအလုပ်သမားဆိုင်ရာ နိုင်ငံတကာစံနှုန်းများ

## အိုင်အယ်လ်အို၊ အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်ဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၇၃ ခုနှစ်၊ ( အမှတ် – ၁၃၈ )

၁၉၉၈ ခုနှစ်တွင် ILO ၏ လုပ်ငန်းခွင်ဆိုင်ရာ အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ကြေညာချက်ကို သဘောတူခဲ့ကြပြီး ကလေးအလုပ်သမားပပျောက်ရေးသည် အခြေခံလူ့အခွင့်အရေးဖြစ်လာသည်။

ကလေးအလုပ်သမားပပျောက်ရေးအတွက် ILO အဖွဲ့ဝင် နိုင်ငံများက ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံ့ဥပဒေများ နှင့် စည်းမျဉ်းများတွင် ထည့်သွင်း အသုံးပြုရန် အတွက် အပြည့်ပြည်ဆိုင်ရာ သဘောတူညီချက်ရထားသည့် မူဘောင် ကို ပြဋ္ဌာန်းချက်နှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံသည် ထိုပြဋ္ဌာန်းချက်နှစ်ခု စလုံးကို အတည်ပြုလက်မှတ်ရေး ထိုးထားပြီးဖြစ်သည်။

ပထမပြဋ္ဌာန်းချက် ဖြစ်သည့် အိုင်အယ်လ်အို၊ အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံးအသက် အရွယ်ဆိုင်ရာ ပြဋ္ဌာန်းချက်၊၁၉၇၃ ခုနှစ်၊ (အမှတ်–၁၃၈) ကို ၂၀၂၀ ခုနှစ် တွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ အခြေခံအားဖြင့် ILO ပြဋ္ဌာန်းချက် အမှတ် – ၁၃၈ တွင် အလုပ်လုပ်ကိုင်ခွင့်ရှိသော အနိမ့်ဆုံးအသက်အရွယ်ကို သတ်မှတ်ထားပြီး ကလေးများ နှင့် လူငယ်များအား အန္တရာယ်ရှိသော အလုပ်များ လုပ်ကိုင်ခြင်းတို့မှ ကာကွယ်ပေးထားကာ ပေါ့ပါးသော အလုပ်များ အတွက် ရွေးချယ်စရာများကို ဖန်တီးပေးသည်။

ထိုတူညီသော အချက်အလက်ပြရုပ်ပုံတွင် ILO ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ အရ ခွင့်ပြုထားသော အလုပ်အကိုင် အမျိုးအစားများကို ရှင်းပြထားသည်။



ILO ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ တွင် အသက် ၁၂ သို့မဟုတ် ၁၃ နှစ်အရွယ်မှစသော ကလေးများအား လူကြီးများ၏ ကြီးကြပ်မှုအောက်၌ ဘေးကင်းသော ပတ်ဝန်းကျင်တွင် ပေါ့ပါးသောအလုပ်များလုပ်ဆောင်ရန် ခွင့်ပြုထားသည်။

ပေါ့ပါးသောအလုပ်ဆိုသည်မှာအချိန်ပိုင်းအလုပ်(အလုပ်ချိန်ကန့်သတ်ထား) ဖြစ်သည်။ ယင်းသည် ကလေးအတွက် အန္တရာယ်မဖြစ်စေသင့်သလို ကလေး၏ကျောင်းစာများနှင့် အနားယူချိန်တို့ကိုလည်း အနှောင့်အယှက်မဖြစ်သင့်ပေ။

ပေါ့ပါးသောအလုပ်ဟု သတ်မှတ်ခံရသော အလုပ်အမျိုးအစားများကို သုံးပွင့်ဆိုင် (အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများ) တွေ့ဆုံမှုမှတစ်ဆင့် ဆွေးနွေးသင့်သည်။

မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်ကို ၁၄ နှစ်အဖြစ် သတ်မှတ်ထားပြီး မသင်မနေရပညာရေးကို အပြည့်အဝပြီးစီးပြီးမှသာ အလုပ်လုပ်ခွင့်ရမည်ဖြစ်သည်။

အန္တရာယ်ရှိသော မည်သည့်အလုပ်ကိုမဆို အသက် ၁၈ နှစ်အောက် ကလေးအားလုံးအတွက် တားမြစ်ထားသည်။

အသက် ၁၄နှစ်နှင့် ၁၆ နှစ်ကြား ကလေးများသည် စက်ရုံတွင် တစ်နေ့ ၄ နာရီသာ အလုပ်လုပ်ခွင့်ရှိသည်။

ဘေးအန္တရာယ်ရှိသော အလုပ်အားလုံးကို အသက် ၁၈နှစ် အောက် ကလေးများအား မလုပ်ရန် တားမြစ်ထားသည်။



## အိုင်အယ်လ်အို၊ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ အကြံပြုထောက်ခံချက်၊ ၁၉၉၉ခုနှစ် (အမှတ် – ၁၉၀)

သင်ပြန်လည်စဉ်းစားကြည့်လျှင် ၁၉၉၈ ခုနှစ်ကတည်းက အိုင်အယ်လ်အို၏ လုပ်ငန်းခွင်ဆိုင်ရာ အခြေခံမူများနှင့် အခွင့်အရေးများ ဆိုင်ရာ ကြေညာချက်ကို သဘောတူခဲ့ကြပြီး ကလေးအလုပ်သမားပပျောက်ရေးသည် အခြေခံ လူ့အခွင့်အရေးဖြစ်သည်။

အိုင်အယ်လ်အို ပြဋ္ဌာန်းချက်နှစ်ခုတွင် ထိုအခြေခံလူ့အခွင့်အရေး၏ အသေးစိတ်ပါဝင်ပါသည်။ ထိုပြဋ္ဌာန်းချက်နှစ်ခုမှာ (၁) အထက်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်–၁၈၃ နှင့် (၂) အဆိုးဝါးဆုံးပုံစံဖြင့်ကလေးအလုပ်သမားခိုင်းစေခြင်း ဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၉၉ ခုနှစ်၊ (အမှတ်–၁၈၂)တို့ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်နှစ်ခုသည် အိုင်အယ်လ်အို အဖွဲ့ဝင်နိုင်ငံများတွင် ၎င်းတို့နိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသို့ ထည့်သွင်းအသုံးချမည်ဟု မျှော်လင့်ရသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် အရ မူဘောင်တစ်ခုကို ရရှိစေခဲ့သည်။ ထိုပြဋ္ဌာန်းချက်များတွင် လုပ်ငန်းခွင်အား စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုတစ်ခုအဖြစ် ခြုံငုံသုံးသပ် ထားပြီး မြန်မာနိုင်ငံက ထိုပြဋ္ဌာန်းချက်နှစ်ခုလုံးအား အတည်ပြုလက်မှတ်ထိုးထားပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်း အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် – ၁၈၂ ကို ၂၀၁၃ ခုနှစ်တွင်အတည်ပြုခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများတွင်အဆိုးရွားဆုံးပုံစံဖြင့်ကလေးအလုပ်သမား ခိုင်းစေခြင်းတွင် အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို အလုပ်လုပ်ရန် တားမြစ်ထားသည်။ ပြဋ္ဌာန်းချက်အမှတ် – ၁၈၂ တွင် စာရင်းသွင်းထားသောအဆိုးရွားဆုံးပုံစံဖြင့်ကလေးအလုပ်သမားခိုင်းစေခြင်းတွင် အန္တရာယ်ရှိသောအလုပ် နှင့် ခြွင်းချက်မရှိသော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း တို့ ပါဝင်သည်။ ထိုခြွင်းချက်မရှိသော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း၏ အချို့သည် ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများဖြစ်ပြီး လူကြီးများကိုပါ (ကွဲပြားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ) လူ့အခွင့်အရေးချိုးဖောက်မှုများကို တားမြစ်ထားသည်။

SDG ပန်းတိုင် ၈.၇ အရ ခြွင်းချက်မရှိသော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းပပျောက် စေရန်သည် မည်သည့်အတွက်ကြောင့် ကမ္ဘာလုံးဆိုင်ရာဦးစားပေးကိစ္စဖြစ်နေသည်ကို နားလည်ပါသလား။

- ကျွန်ပြုခိုင်းစေခြင်း/ယင်းနှင့်အလားတူသော အလေ့အထများ၊ ရောင်းချခြင်း/ကလေးကုန်ကူးခြင်း၊ အလုပ်ရှင်မှ ကြွေးမြီဖြင့်ချုပ်နှောင်ခြင်း၊ အဓမ္မခိုင်းစေခြင်း သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခတွင် အဓမ္မလူသစ်စုဆောင်းခံရခြင်း။
- ပြည့်တန်ဆာလုပ်ငန်းအတွက်၊ ညစ်ညမ်းစာပေ/ ရုပ်ရှင်များ ထုတ်လုပ်ရန်အတွက် ကလေးအား အသုံးပြုခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း။
- သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ကလေးများအား ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် အထူးသဖြင့် မူးယစ်ဆေးထုတ်လုပ်ခြင်း/ ကုန်သွယ်ခြင်းတို့အတွက် ကလေးအား ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း။
- အလုပ်၏သဘာဝနှင့် အလုပ်လုပ်ကိုင်ရသည့် အခြေအနေအကြောင်းတရားများအရ ကလေး၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် အကျင့်စာရိတ္တကို ထိခိုက်နိုင်ခြေရှိသောအလုပ်။

## အိုင်အယ်လ်အို၊ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ အကြံပြုထောက်ခံချက်၊ ၁၉၉၉ခုနှစ် (အမှတ် – ၁၉၀)

ILO ပြဋ္ဌာန်းချက်အမှတ်– ၁၃၈အရအန္တရာယ်ရှိသောအလုပ်ကိုအသက် ၁၈ နှစ်အောက်ကလေးများလုပ်ကိုင်ခွင့် မရှိပါ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အကြံပြုထောက်ခံချက်အမှတ် ၁၉၀ တွင် အန္တရာယ်ရှိသော အလုပ်အကိုင်အဖြစ် မည်သည့်အရာများက အကျုံးဝင်ကြောင်း ပိုမိုတိတိကျကျလမ်းညွှန်ချက်များ ပေးထားသည်။ အကြံပြုထောက်ခံချက် အမှတ်–၁၉၀ အရအန္တရာယ်ရှိသော အလုပ်အကိုင်များအနက် ဥပမာအချို့မှာ

- မြေအောက်၊ ရေအောက်၊ အန္တရာယ်ရှိသည်အထိ မြင့်မားသောနေရာ သို့မဟုတ် အလုံပိတ်နေရာများ။
- ကလေးအား ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စော်ကားခံရနိုင်သော အနေအထားရှိခြင်း။
- ကလေးက အန္တရာယ်ရှိသော စက်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် လုပ်ကိုင်ရခြင်း။
- ကြီးမားလေးလံသော ဝန်များကို လူအားဖြင့် ကိုင်တွယ် သို့မဟုတ် ပို့ဆောင်ရခြင်း။
- ကျန်းမာရေးနှင့်မညီညွတ်သော ပတ်ဝန်းကျင် ဥပမာအားဖြင့် ကလေးများအား အန္တရာယ်ဖြစ်စေသော အရာများ၊ ပစ္စည်းများ သို့မဟုတ် လုပ်ငန်းစဉ်များ သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေနိုင်သော အပူချိန်၊ ဆူညံမှု သို့မဟုတ် တုန်ခါမှုရှိသောနေရာတွင် လုပ်ကိုင်ရခြင်း။
- အလုပ်ချိန်ရှည်ကြာလွန်းခြင်း သို့မဟုတ် ညပိုင်းတွင် လုပ်ကိုင်ရခြင်း သို့မဟုတ် ကလေးက အလုပ်ရှင်၏ အဆောက်အဦး ဥပဇာတွင် လွန်လွန်ကဲကဲ ပိတ်လှောင်ခံရ၍ လုပ်ဆောင်ရခြင်းကဲ့သို့သော ခက်ခဲပြင်းထန်သော အခြေအနေများဖြစ်ကြသည်။



## လေ့လာမှုမှတ်တိုင်

ကျွန်တော့်သူငယ်ချင်း စန်းစန်းက ကျွန်တော်တို့နဲ့အတူ ကျောင်း တက်ရပေမယ့် သူဟာ ကျွန်တော်ရဲ့အိမ်နီးချင်းထံမှာ အိမ်အကူအဖြစ် အလုပ်လုပ်ကိုင်နေရပါတယ်။ တစ်ခါတလေ သူကျောင်းပျက်ပါတယ်။ ဒါမှမဟုတ်ရင်လည်း သူ့ကိုကြည့်ရတာ အိပ်ချင်နေတဲ့ပုံပေါ်နေတတ်ပါတယ်။

ဒီအကြောင်းကို ကျွန်တော် ဆရာဦးမြင့်ကို ပြောပြသင့်ပါသလား။

ကူညီကြပါဦး။

ကလေးတစ်ယောက်လုပ်နိုင်သည့် ကွဲပြားသောအလုပ် အမျိုးအစားများကို နားလည်ရန်နှင့် လူဝင်ဆံ့စေသော၊ ပေါ့ပါးသော သို့မဟုတ် အန္တရာယ်ရှိသော အလုပ်များနှင့်သက်ဆိုင်သော အမျိုးအစားကို နားလည်ရန် အရေးကြီးသည်။

**အောက်တွင်ဖော်ပြထားသည့် မည်သည့်အလုပ်က အန္တရာယ်ရှိသောအလုပ်၏ နမူနာအလုပ်ဖြစ်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေတစ်ခုထက် မှန်နိုင်ပါသည်။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ (က) စန်းစန်း သည် အသက် ၁၃ နှစ်ရှိပြီး ဝင်း၏အိမ်နီးနားချင်းထံတွင် အိမ်အကူအဖြစ် လုပ်ကိုင်သည်။ တစ်ခါတရံ ကျောင်းပျက်တတ်သည်။
- ☐ (ခ) စွမ်း သည် အသက် ၁၇ နှစ်ရှိပြီး တစ်နေ့လျှင် ၁၅ နာရီခန့် လေးလံသော ကျောက်ခဲအိတ်များကို သယ်ပိုးသည့် အလုပ်လုပ်ရပါသည်။ သူသည် ညဘက်တွင် ခါးအရမ်းနာသဖြင့် အိပ်မရတတ်ပါ။
- ☐ (ဂ) အောင်အောင် သည် ၉ နှစ်သားဖြစ်ပြီး ဦးလေးဖြစ်သူ၏ မြေအောက်ရေကန်များကို သန့်ရှင်းရေးလုပ်ရန် ကူညီပေးရသည်။ သူသည် လူကောင်သေးသဖြင့် မည်သည့်အပေါက်နှင့်မဆို ဆံ့ပြီး သူ၏အလုပ်တွင် အထူးကျွမ်းကျင်သည်။

## မြန်မာနိုင်ငံမှာရှိတဲ့ ဥပဒေတွေက ဘာတွေလဲ။

# မြန်မာနိုင်ငံတွင် အဓိကကျသော ဥပဒေများ

ILO ၏ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များအပြင် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား၊ အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံးအသက်အရွယ်နှင့် ကလေးသူငယ်များနှင့် လူလတ်ပိုင်းများအတွက် လုပ်ငန်းခွင်အခြေအနေများနှင့် သက်ဆိုင်သည့် အဓိကကျသော ဥပဒေများလည်း ပြဋ္ဌာန်းထားသည်။ ဤသင်ခန်းစာအပိုင်းသည် ဥပဒေပြုခြင်းဆိုင်ရာ အဓိကအပိုင်းများကို ခြုံငုံဖော်ပြပေးထားပါသည်။ ဆက်လက်လေ့လာလိုပါက ၂၀၂၀ခုနှစ် နိုင်ငံတကာတရားဥပဒေများနှင့် စံနှုန်းများအရ မြန်မာနိုင်ငံရှိ ကလေးသူငယ်အလုပ်သမားဆိုင်ရာ အမျိုးသားဥ ပဒေများနှင့် စည်းမျဉ်းများကို တရားဥ ပဒေနှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၀ အစီရင်ခံစာကို ရည်ညွှန်းပါသည်။

## သက်ဆိုင်ရာဥပဒေတစ်ခုချင်းစီကို အောက်တွင်လေ့လာပါ။

### ကလေးသူငယ်အခွင့်အရေးဥပဒေ (၂၀၁၉)

ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကလေးများသည် (အတင်းအဓမ္မဖိအားပေးခိုင်းစေခြင်းမခံရဘဲ) ၎င်းတို့ ဆန္ဒအလျောက် အလုပ်လုပ်နိုင်သည်ဟူ၍ ဖော်ပြထားသည်။ ယင်းဥပဒေတွင် ကလေးများအတွက် အလုပ်လုပ်ခွင့်ရှိသော အနည်းဆုံးအသက်အရွယ်ကို ၁၄ နှစ်အဖြစ် သတ်မှတ်ထားပြီး အဆိုးရွားဆုံးသော ကလေးလုပ်သားပုံစံများကိုလည်းတိတိကျကျ တားမြစ်ထားသည်။

### စက်ရုံအလုပ်ရုံများအက်ဥပဒေ (၁၉၅၁) ကို ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ခဲ့သည်။

ထိုဥပဒေတွင် အသက် ၁၄ နှစ် မှ ၁၆ နှစ်အကြား ကလေးတစ်ဦးအား အလုပ်ခန့်ထားလျှင် ကျန်းမာကြံ့ခိုင်ကြောင်း အထောက်အထားလိုအပ်ပါသည်။ ထို့အပြင် ထိုကလေးများအား တစ်ရက်လျှင် ၄ နာရီထက်ပို၍ မခိုင်းစေရပါ။ စက်ရုံအလုပ်ရုံများတွင်သာ အကျုံးဝင်ပါသည်။

### ဆိုင်များနှင့်အလုပ်ဌာနဆိုင်ရာ ဥပဒေ (၁၉၅၁) ကို ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ခဲ့သည်။

အသက် ၁၆ နှစ်အောက် ကလေးတစ်ဦးအား အလုပ်ခန့်ထားလျှင် ကျန်းမာကြံ့ခိုင်ကြောင်း အထောက်အထား လိုအပ်မည်ဖြစ်သည်။

### ရေနံမြေ (အလုပ်သမားနှင့် လူမှုဖူလုံရေး)အက်ဥပဒေ (၁၉၅၁)

အသက် ၁၅ နှစ်အောက် ကလေးတစ်ဦးအား အလုပ်ခန့်ထားလျှင် ကျန်းမာကြံ့ခိုင်ကြောင်း အထောက်အထား လိုအပ်မည် ဖြစ်သည်။

### ပညာရေးဥပဒေ

မသင်မနေရပညာရေးသည် အခမဲ့ဖြစ်သော်လည်း မသင်မနေရပညာရေးသည် အသက် ၁၀ နှစ်အထိသာဖြစ်ပြီး မသင်မနေရပညာရေးပြီးမြောက်သည့်အသက်နှင့် အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံးအသက်အရွယ် ၁၄ နှစ်ကြားတွင် ကွာဟချက်များစွာ ရှိနေသည်။

## လေ့လာမှုမှတ်တိုင်

ဤနေရာတွင် ပထမသင်ခန်းစာ ပြီးဆုံးပါပြီ။ အခုဆိုလျှင် ကလေးအလုပ်သမားခိုင်းစေခြင်းကို တားဆီးဖို့က ဘယ်လောက်အရေးကြီးတယ်ဆိုတာ နားလည်မယ်လို့ မျှော်လင့်ပါတယ်။ကလေးအလုပ်သမားများကို ကြိုတင်ကာကွယ်ရန် သို့မဟုတ် ကိုင်တွယ်ဖြေရှင်းရန်အတွက် အလွန်အရေးကြီးသောအချက်မှာ ကလေးလုပ်ကိုင်နေသော အလုပ်အမျိုးအစားကကလေးအလုပ်သမားအဖြစ် အကျုံးဝင်မဝင်ကို မှန်ကန်စွာ ခွဲခြားသတ်မှတ်နိုင်ရန် ဖြစ်သည်။



**အောက်ဖော်ပြပါ အချက်များထဲမှ မည်သည့်အချက်က မှန်ကန်ကြောင်း သင်ခွဲခြားနိုင်ပါသလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေတစ်ခုထက် မှန်နိုင်ပါသည်။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ က

မေ သည် အသက် ၁၇ နှစ်ရှိပြီဖြစ်ပြီး လယ်ထဲတွင် တစ်ရက်လျှင် ၁၂ နာရီ အလုပ်လုပ်ရပါသည်။ သူမ ရရှိလာသော ငွေအားလုံးကို သူမအဖေက မြေပိုင်ရှင်ဆီမှ ချေးယူထားသော ချေးငွေကို ပြန်ဆပ်ရန် အသုံးပြုပါသည်။ ငွေမည်မျှ ဆပ်ခဲ့ပြီဖြစ်ကြောင်းကိုမူ ၎င်းက မသိရပါ။ မေ၏ဖြစ်စဉ်သည် ILO ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ ၊ ILO ပြဋ္ဌာန်းချက်အမှတ် – ၁၈၂ နှင့် မြန်မာနိုင်ငံ အလုပ်သမားနှင့် ပညာရေး ဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည်။

☐ ခ

လွင် သည် ၁၅ နှစ်သားဖြစ်ပြီး မနက်တိုင်း ကျောင်းသွားတက်ပါသည်။ သူသည် နေ့ခင်းဘက် အိပ်ပြီး ည ၈ နာရီအထိ လက်ဖက်ရည်ဆိုင်တွင် ဖခင်ကို ကူညီပေးပါသည်။ သူသည် ဖန်ပုလင်းထဲရှိ ဘီစကွတ်များကို ရေတွက်ရသည်ကို နှစ်သက်ပြီး ဘီစကွတ်များအမြဲပြည့်နေအောင် ဖြည့်ထားတတ်ပါသည်။ လွင်၏ ဖြစ်စဉ်သည် ILO ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ ၊ ILO ပြဋ္ဌာန်းချက်အမှတ်– ၁၈၂ နှင့် မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးနှင့် အလုပ်သမား ဥပဒေများကို အတိအလင်း ချိုးဖောက်မှုဖြစ်ပါသည်။

☐ ဂ

လှ သည် ၁၃ နှစ် သမီးဖြစ်သည်။ သူမသည် ပြီးခဲ့သည့်နှစ်က မိဘများကို ဆုံးရှုံးခဲ့ပြီး ဦးလေးနှင့်အတူ နေထိုင်နေပါသည်။ လှ၏ဦးလေးသည် သူမ၏ပညာရေးအတွက် ငွေကြေးမတတ်နိုင်သဖြင့် အချိန်ပြည့် အိမ်အကူအဖြစ် လုပ်ကိုင်ရန် လှအား သူ၏စက်ရုံပိုင်ရှင်အိမ်သို့ ပို့ခဲ့သည်။ လှအား စက်ရုံပိုင်ရှင်မှ အစား အသောက်ကောင်းကောင်း၊ အဝတ်အစားနှင့်စာအုပ်များ ဖတ်ခွင့်ပေးမည်ဟု ကတိပေးသဖြင့် လှသည် အလုပ်လုပ်ရန်အတွက် အဆင်သင့် ဖြစ်နေပြီ ဖြစ်ပါသည်။ လှ၏ဖြစ်စဉ်သည် ILO ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ ၊ ILO ပြဋ္ဌာန်းချက်အမှတ်– ၁၈၂ နှင့် မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများနှင့် အလုပ်သမား ဥပဒေများကို အတိအလင်းချိုးဖောက်မှု ဖြစ်သည်။

## ကလေးအလုပ်သမား ပြဿနာက မည်မျှကြီးမားပါသလဲ။

သင်ခန်းစာ ၅/၈

# ကိန်းဂဏန်းများ၏အဓိပ္ပာယ်



## လူကြီးတွေကငါတို့ ကလေးတွေကိုကူညီဖို့ လိုတယ်။

ကလေးအလုပ်သမား အရေအတွက်ကိန်းဂဏန်းတွေက ကမ္ဘာပေါ်မှာရှိတဲ့ ကလေးဘယ်လောက်အရေအတွက်က လူကြီးတွေရဲ့ အရေးတကြီးတုံ့ပြန်ဆောင်ရွက်မှုတွေကို လိုအပ်နေတယ်လို့ မီးမောင်းထိုးပြနေတယ်။

## ကမ္ဘာလုံးဆိုင်ရာခန့် မှန်းချက်များ

တစ်ကမ္ဘာလုံးတွင် ကလေးအလုပ်သမားပြဿနာမည်မျှကြီးမားကြောင်းကို နားလည်ရန် အောက်ပါအချက်အလက်များ ကို ကြည့်ရှုပါ။ ပိုမိုလေ့လာရန် ILO and UNICEF, Child Labour: Global estimates 2020, trends and the road forward, 2021.ကို ဖတ်ပါ။

ကလေးအလုပ်သမားတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုသည် ၂၀၁၆ ခုနှစ်ကတည်းက ရပ်တန့်နေသည်။
အထက်တွင်ဖော်ပြထားသော နှစ်တစ်နှစ်ချင်းစီ၏ဘားတန်းတွင် ကလေးအလုပ်သမားအရေအတွက်ကို ဖော်ပြထားသည်။




လုပ်ငန်းခွင်အလိုက် အသက် ၅ နှစ်မှ ၁၇ နှစ်အထိ ကလေးအလုပ်သမားများပါဝင်မှု ၂၀၂၀ %
သင်တွေ့မြင်ရသည့်အတိုင်း ကလေးအလုပ်သမားများတွင် ပါဝင်သည့် ကလေးအများစုသည် ၎င်းတို့၏ မိသားစုအတွင်း၌ပင် လုပ်ကိုင်နေကြရသည်။



အန္တရာယ်ရှိသောအလုပ် လုပ်ကိုင်နေရသော ကလေးအလုပ်သမားများ
အကြမ်းအားဖြင့် ကလေးအလုပ်သမားအဖြစ်ရှိနေသော ကလေးထက်
ဝက်ခန့်သည် ဘေးအန္တရာယ်ရှိသော အလုပ်များကို လုပ်ကိုင်နေကြရသည်။




အသက် ၅ နှစ်မှ ၁၇ နှစ်အထိ ကလေးများက ကလေး
အလုပ်သမားများအဖြစ် လုပ်ကိုင်နေရသည့် လုပ်ငန်း
ကဏ္ဍအမျိုးအစားများတွင် ပါဝင်မှု ၂၀၂၀ %
သင်တွေ့မြင်ရသည့်အတိုင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍသည်
ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမားများက အများဆုံး
ပါဝင်လုပ်ကိုင်နေကြသည့် နယ်ပယ်ဖြစ်သည်။




## မြန်မာကလေးအလုပ်သမား အရေအတွက်က ဘယ်လိုပုံစံရှိပါသလဲ။

မြန်မာနိုင်ငံ၏ ၂၀၁၅ခုနှစ် ကလေးအလုပ်သမား စစ်တမ်းရလဒ်များ




အသက် ၅ နှစ်မှ ၁၁ နှစ်ကြားရှိ မိန်းကလေးများ၏ ၉၀ ရာခိုင်နှုန်းသည်
တစ်ပတ်ကို အနည်းဆုံး တစ်နာရီခန့် အိမ်အလုပ်လုပ်နေရချိန်တွင်
ယောကျ်ားလေး ၃၄ ရာခိုင်နှုန်းကသာ ယင်းကဲ့သို့လုပ်ကိုင်ကြရသည်။







(၇၃) သန်းသည် အန္တရာယ်ရှိသော အလုပ်များကို
လုပ်ကိုင်နေကြရသည်။



ကလေးအလုပ်သမားများသည် အဓိကအားဖြင့် နယ်ပယ် ၃ ခုတွင် အလုပ်လုပ်ကြရသည်။







Source: Myanmar, Ministry of Labour, Employment and Social Security, Central Statistical Organization, Executive Summary report on Myamar Labour Force, Child Labour and School to Work Transition Survey 2015, 2016."

# ဒီကိန်းဂဏန်းတွေရဲ့ နောက်ကွယ်က အကြောင်းအရင်းကဘာလဲ။

## ဆင်းရဲမွဲတေမှု၊ အကျပ်အတည်းများနှင့် ပညာရေးဆိုင်ရာ အထောက်အပံ့အားနည်းမှုများ၏ သက်ရောက်မှု

ကလေးတစ်ဦး အလုပ်လုပ်ရသည်နှင့်ပတ်သက်၍ ဆက်စပ်နေသော အကြောင်းရင်းများစွာ အမြဲတမ်းရှိပါသည်။ အဖြစ်များဆုံး အကြောင်းရင်းများမှာ ဆင်းရဲမွဲတေမှု နှင့် အကျပ်အတည်းများပင်ဖြစ်သည်။ အောက်ဖော်ပြပါပုံသည် မြန်မာနိုင်ငံအတွင်း အချို့သော လူ့အ သိုက်အဝန်းများတွင် ဖြစ်ပျက်နေသောအရာများကို သိသာထင်ရှားစွာ သတိပေးနေပါသည်။ ဆင်းရဲမွဲတေမှု၊ အကျပ်အတည်းများနှင့် ပညာရေးဆိုင်ရာ အထောက်အပံ့အားနည်းမှုများ၏ အကျိုးသက်ရောက်မှုနှင့် ယင်းတို့က လူ့အဖွဲ့အစည်းအတွင်း ကလေးအလုပ်သမားဖြစ်လာစေရန် မည်သို့တွန်းပို့စေဖွယ်ရှိသည်ကိုနားလည်စေရန် အောက်တွင် ဆက်လက်ဖတ်ရှုပါ။



A homeless child labourer's family, Yangon, Myanmar, 2018. © KST/ ILO

### ဆင်းရဲမွဲတေမှု

မိသားစုတစ်စုသည် များပြားသောမိသားစုဝင်များ၏ လိုအပ်ချက်ကြီးမားမှု၊ မိဘတစ်ဦးဦးဖျားနာမှု/သေဆုံးမှု၊ အကြွေးပိမှု၊ စာချုပ်များနှင့် ချည်နှောင်ခံရမှု၊ အလုပ်အကိုင် ဆုံးရှုံးရမှုနှင့် စိုက်ပျိုးရေးတွင် ရိတ်သိမ်းချိန်ကာလအကြား အချိန်ကြာမြင့်မှုစသည်တို့ကြောင့် ဆင်းရဲတွင်းသို့ကျရောက်သွားဖွယ်ရှိသည်။ ထိုအခါ ကလေးများသည် အများအားဖြင့် လူကြီးများထက် လစာနည်းသော်လည်း မိသားစုကို ထောက်ပံ့ရန်အတွက် အလုပ်လုပ်ကြရသည်။

### အကျပ်အတည်းများ

ရေကြီးခြင်းနှင့် မြေငလျင်လှုပ်ခတ်ခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များ၊ ကိုဗစ်ကဲ့သို့ ကပ်ရောဂါများ၊ စစ်ပွဲ/ ပဋိပက္ခများကြောင့် အမြဲလိုလိုပင် ကလေး အလုပ်သမားများ တိုးပွားလာလေ့ရှိသည်ကို တွေ့ရပါသည်။
ဤဖြစ်ရပ်များသည် မိသားစု၏ ပုံမှန် အသက်မွေးဝမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေသည် သို့မဟုတ် အလုပ် (ဆောက်လုပ်ရေးလုပ်ငန်း) အတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။
၂၀၂၀ ပြည့်နှစ်နှောင်းပိုင်းတွင် ILO က ထုတ်ပြန်ခဲ့သော ကိုဗစ်ကပ်ရောဂါကြောင့် သက်ရောက်မှုဆိုင်ရာ အကဲ ဖြတ်ချက် တစ်ခုတွင် မိဘများသည် ၎င်းတို့၏ သားသမီးများကို အလုပ်လုပ်ခိုင်းရန်ထက် ကုန်ကျစရိတ်လျှော့ချရန် ပို၍လိုလားကြသော်လည်း စစ်တမ်းတွင်ပါဝင်ခဲ့သည့် အလုပ်လုပ်ကိုင်နေသော ကလေး များ၏ ၄၃ ရာခိုင်နှုန်းကမူ ကပ်ရောဂါကာလအတွင်း၌ အလုပ်စတင်လုပ်ခဲ့ကြရသည်။

### ပညာရေးဆိုင်ရာ အထောက်အပံ့များအားနည်းခြင်း

ကလေး၏ဝင်ငွေမှရသော ရေတိုအကျိုးအမြတ်သည် ကျောင်းပညာရေး၏ (အထူးသဖြင့် ကျောင်းလခနှင့် အခြားကုန်ကျစရိတ်များ ပါဝင်နေသောအခါတွင်) ရေရှည်အကျိုးအမြတ်ထက်ပို၍ ဆွဲဆောင်မှုရှိနေတတ်သည်။ ထို့အပြင် ပညာရေးအရည်အသွေးနှင့် ကလေးများ၏ ကောင်းကျိုးချမ်းသာသည် ကလေးကို ကျောင်းသို့မဟုတ် အလုပ်အနက် မည်သည့်ကိုပို့ရန် ဆုံးဖြတ်ချက်များကို လွှမ်းမိုးဖွယ်ရှိသည်။ မြန်မာ့ပညာရေးစနစ်သည် ကလေး ဗဟိုပြု ချဉ်းကပ်မှုဆီကို ပိုမိုလုပ်ဆောင်ရန် ဦးတည်သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေပါသည်။ ၎င်းသည် ပညာရေးအရည်အသွေးနှင့် ကျောင်းသား ကောင်းကျိုး နှင့်လေ့လာမှုကို မြှင့်တင်ပေးမည် ဖြစ်သော်လည်း ယင်းသည် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည်။ ကလေးများနှင့် မိသားစုဝင်များသည် အရည်အသွေး ညံ့ဖျင်းသော ပညာ ရေးနှင့်/ သို့မဟုတ် အတိတ်ပညာရေးအတွေ့အကြုံ များကို စံအဖြစ် တစ်စိတ်တစ်ပိုင်း အခြေခံထားသော ပညာရေးကို ဆက်လက်ကြုံတွေ့နိုင်သည်။

## မသန်စွမ်းမှုနှင့် ခုခံကာကွယ်နိုင်စွမ်းအားနည်းမှု

အချို့သောကလေးများသည် မသန်စွမ်းမှု သို့မဟုတ် အားနည်းချက် အချို့ရှိသောကြောင့် လုပ်ငန်းခွင်အတွင်း သို့ ဆွဲသွင်း ခံရနိုင်ခြေ အထူးမြင့်တက်လျက် ရှိသည်။

### မသန်စွမ်းမှု

စာသင်ကျောင်းများသည် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသောကလေးများနှင့် သင်ယူမှုအပိုင်းတွင် အခက်အခဲများ ရှိသော ကလေးများကို မသင်ကြားပေးနိုင်သည့်အခါ မိသားစုများက ထိုကလေးများကို အလုပ်သို့ ပို့ဖွယ်ရှိသည်။ ဤ ကလေးများသည် အလုပ်ခွင်တွင် အကာအကွယ်ကင်းမဲ့ပြီး အနိုင်ကျင့်ခံရနိုင်သည်။

### ခုခံကာကွယ်နိုင်စွမ်းအားနည်းမှု

ကွာရှင်းပြတ်စဲထားသောမိသားစုများ၊ မူးယစ်ဆေးဝါး/ အရက်/ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုများ ဖိစီးခံရ သော မိသားစုများမှ ကလေးများသည် လမ်းဘေးတွင် အလုပ်လုပ်ရခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုများ တွင် လုပ်ကိုင်ရခြင်းနှင့်/သို့မဟုတ် မူးယစ်ဆေးစွဲသူများ ဖြစ်လာနိုင်ခြင်းတို့ဖြင့် နိဂုံးချုပ်သွားနိုင်သည်။ အထူးသဖြင့် တရားဥပဒေကာကွယ်ပေးမှု အားနည်းသော သို့မဟုတ် ကင်းမဲ့သည့် နိုင်ငံများတွင် ရွှေ့ပြောင်း နေထိုင်သူများသည် မကြာခဏ အန္တရာယ်ပိုမို ကြုံတွေ့နိုင်သည်။ မကြာခဏဆိုသလို တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့ ၏ ကလေးများအား အာဏာပိုင်များထံ သတင်းပို့ခံရမည်ကို စိုးရိမ်သောကြောင့် ကျောင်းတက်ခွင့်မပေးကြပေ။ ယင်းပိတ်ပင်မှုသည် ဆေးခန်းများ သို့မဟုတ် လူမှုအကူအညီပေးရေးအဖွဲ့များကို အသုံးပြုခြင်းတွင်လည်း အကျုံးဝင် ပါသည်။ ဖယ်ကျဉ်ခံထားရသော တိုင်းရင်းသားလူမျိုးစု/ ဘာသာရေး လူနည်းစုအုပ်စုများတွင်လည်း ကလေးအလုပ် သမားအရေအတွက် မြင့်မားနိုင်ပါသည်။

## အသုံးဝင်သောကျွမ်းကျင်မှုများအတွက် လိုအပ်မှုများ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အချို့မိဘများသည် သူတို့၏ကလေးများကို ကျောင်းပို့လိုက်ခြင်းမှ ရရှိမည့်တန်ဖိုးကို မမြင်ကြဘဲ၊ ထိုသို့ဖြစ်ရခြင်းမှာ အလုပ်ရရှိဖို့အတွက် အမှန်တကယ် အသုံးဝင်မည့် အရည်အချင်းများကို ကျောင်းများတွင် သင်ကြားပို့ချခြင်းမရှိသည့် အယူအဆကြောင့် ဖြစ်နိုင်သည်။ အသုံးဝင်သော ကျွမ်းကျင်မှုပညာရပ်က ကျောင်းပညာရေးအပေါ် အလေးသာသွားပြီး လူ့အဖွဲ့အစည်းတွင် ကလေးအလုပ်သမားများ ဖြစ်စေရန် မည်သို့တွန်းပို့ခံရသည်ကို နားလည်စေရန် အောက်တွင် လေ့လာပါ။

### အသုံးဝင်သောကျွမ်းကျင်မှုများရရှိခြင်း

မိဘများပေးလေ့ရှိသော အကြောင်းပြချက်မှာ သားသမီးကို အလုပ်လုပ်ခွင့်ပေးရခြင်းသည် ကလေးအတွက် အသုံးဝင်သော ကျွမ်းကျင်မှုအရည်အချင်းများကို သင်ယူနိုင်လိမ့်မည် သို့မဟုတ် စောစီးစွာစတင်ခြင်းဖြင့် နောက်ပိုင်းတွင် ကောင်းမွန်သော အလုပ်တစ်ခုရနိုင်မည်ဟု ခံစားရခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ ပညာရေးစရိတ်နှင့် ကျောင်းပညာရေးနှင့်ပတ်သက်သည့် အခြားကုန်ကျစရိတ်များသည် သူတို့၏ကလေးများမှ ကျောင်းပညာရေးဆည်းပူးခြင်းအားဖြင့် ပိုမိုရရှိနိုင်ကြောင်း မိဘများအား စည်းရုံးရာတွင် အထောက်အကူမဖြစ်နိုင်ပါ။

### ပညာရေးအရည်အသွေး

အထက်တွင်မှတ်သားခဲ့သည့်အတိုင်း မြန်မာ့ပညာရေးစနစ်သည် သင်ကြားရေးရလဒ်ကို တိုးတက် စေမည့် ကလေးကို ပိုမိုဗဟိုပြုသည့် ချဉ်းကပ်မှု၏ဆီသို့ ဦးတည်သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေပါသည်။ သို့သော် ယင်းသည် ရေရှည်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။
ထို့ကြောင့် မိသားစုများသည် ပညာရေးစနစ်ကို စံခွဲများအဖြစ်သာ ယူဆပြီး ငွေကြေးနှင့် အတတ်ပညာကျွမ်းကျင်မှုတိုးတက်ရေး အကြောင်းပြချက်ဖြင့်ပညာရေးထက် အလုပ်ကိုဦးစားပေး ရွေးချယ်မှုများ ဆက်လုပ်ဆောင်နိုင်သည်။

## လေ့လာမှုမှတ်တိုင်

အထက်မှာ လေ့လာသိရှိခဲ့သည့်အတိုင်း ကလေးတစ်ဦးအလုပ်လုပ်ရသည့် ဆက်စပ် အကြောင်းရင်းများစွာ အမြဲရှိနေ မည်ဖြစ်သည်။ ထို့ကြောင့် ကလေးအလုပ်သမားများကို ကြိုတင်ကာကွယ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် သင့်ပတ်ဝန်းကျင်မှာဖြစ်ပျက်နေသည့်အရာများကို ဂရုတစိုက်စောင့်ကြည့်ရန် အရေးကြီးပါသည်။

**အောက်ဖော်ပြပါ အခြေအနေများထဲမှ မည်သည့်အရာက ကလေးအလုပ်သမားဖြစ်စဉ် တိုးပွားလာ နိုင်သည်ကို သင် ဖော်ထုတ်နိုင်ပါသလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေတစ်ခုထက် မှန်နိုင်ပါသည်။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ က — စျေးသက်သာသော ပြည်တွင်းအရက်ရောင်းသည့် ဆိုင်သစ်တစ်ဆိုင်ကို ပြီးခဲ့သောတစ်လက စတင်ဖွင့်လှစ်ခဲ့ရာ အမျိုးသမီးများက ၎င်းတို့၏ခင်ပွန်းများ နေ့စဉ်အရက်မူးလာခြင်းကို အပြစ်တင်ခဲ့ကြသည်။ အိမ်တွင်း အကြမ်းဖက်မှုဖြစ်စဉ်များလည်း ကြိုကြား ကြိုကြားဖြစ်ခဲ့သည်။

☐ ခ — အနီးအနားကျေးရွာတစ်ခုတွင် ရေလွှမ်းမိုးမှုကြောင့် ထိုရွာသားများက အနီးရှိရွာတစ်ရွာသို့ ပြောင်းရွှေ့ခဲ့ကြသည်။သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများလည်း မြင့်တက်လာခဲ့ပြီး အရွယ်ရောက်ပြီးသူများ သေဆုံးသည့် အရေအတွက်မှာလည်း ရုတ်တရက်တိုးလာခဲ့သည်။

☐ ဂ — ရပ်ရွာကျောင်းတွင် သင်ကြားပေးနေသော ဆရာ ပြောင်းသွားသဖြင့် မိဘများက မကျေနပ် ဖြစ်နေကြသည်။ ယင်းအတွက်ကြောင့် အချို့သော မိဘများသည် ၎င်းတို့၏ သားသမီးများကို ကျောင်းမပို့ရန် ဆုံးဖြတ်ကြသည်။

**ကလေးအလုပ်သမားတွေရဲ့ အကျိုးဆက်တွေက ဘာတွေလဲ။**

သင်ခန်းစာ ၆/၈

## အကျိုးဆက်များ

### သမီးတို့ ဘာကြောင့် ဂရုစိုက်သင့်လဲ။

သမီးက အလုပ်မလုပ်ရဘဲ ကျောင်းတက်ရလို့ ကံကောင်းပါတယ်။ ဒါကြောင့် ကလေးအလုပ်သမားကိစ္စကို သမီးဘာလို့ ဂရုစိုက်သင့်လဲ။ ကောင်းပါပြီ ဒါဟာတကယ်မေးရမယ့်မေးခွန်း ဖြစ်ချင်မှဖြစ်မယ်။သမီးတို့မေးရမှာက "သမီးတို့နိုင်ငံအနာဂတ်အကြောင်းကို ဘာကြောင့် ဂရုမစိုက်ဘဲနေရမှာလဲ" ကလေးတွေကျောင်းမတက်ရဘဲနဲ့ ကလေးအလုပ်သမားအရေအတွက် ဆက်ပြီးတိုးပွားနေမယ်ဆိုရင် ဖြစ်လာမယ့်အကျိုးဆက်ကို စဉ်းစားကြည့်ပါ။



၁၂ နှစ်အရွယ် ခင်က ဘာကြောင့် ကျောင်းမတက်ဘဲ ကလေးအလုပ်သမားဖြစ်ရတာလဲဆိုတာကို ဖတ်ကြည့်ပါ။

## လေ့လာဆန်းစစ်ခြင်း
## သမီး ကျောင်းကိုလွမ်းတယ် ( ရေးသားသူ – စန်းစန်းအေးနှင့် ဇော်မျိုးဦး )

မနှစ်က အမျိုးတစ်ယောက်နဲ့အရက် အတူတူသောက်ရင်းမူးပြီး ရန်ဖြစ်ကြတာခေါင်းမှာသုံးချက်ထိပြီးအဖေ ဆုံးသွားရာက စပါတယ်။ တစ်လပဲကြာတယ်။ အမေက ဟိုဘက်ရွာက ယောကျ်ားနဲ့ ယူလိုက်တယ်။ ပထွေးကအမေ ပဲ လက်ခံမယ်။ ၁၂ နှစ်အရွယ် သမီးကိုတော့ တင် မကျွေးနိုင်ဘူးတဲ့။ အဖွားက ပြန်ခေါ်ထားပေမယ့် ကျောင်းတော့ ထွက်လိုက်ရတယ်။ စာအုပ်တွေတော့ သိမ်းထားသေးတယ်။ တစ်နေ့ ကျောင်းများ ပြန်တက်နိုင်ဦးမလားလို့ မျှော်လင့် ချက်နဲ့ပေါ့။ ကျောင်းကို လွမ်းတိုင်း သမီး အားကျတဲ့ဆရာမကို စဉ်းစားမိတယ်။ ငယ်ငယ်က အလုပ်လုပ်ရင်း ကျောင်း တက်ခဲ့ရတဲ့ ဆရာမလေးလိုမျိုး သမီးလည်း ဖြစ်ချင်မိတယ်။
အဖွားနဲ့ နေခွင့်ရတာ ကံကောင်းတယ်ပြောရမယ်။ မဟုတ်ရင်မြို့တက် အိမ်ဖော်လုပ်နေရမှာ။ ဒီက မိန်းကလေး တော်တော်များများ မြို့မှာ အိမ်ဖော် လုပ်နေကြတယ်။ သူငယ်ချင်း ၅ ယောက်လောက်ပဲ ရွာမှာ ကျောင်းတက်ပြီး ကျန်နေခဲ့ကြတယ်။ ရွာထဲမှာ နာမည်ကြီး အိမ်ဖော် ပွဲစားတစ်ယောက်ရှိတယ်။ ၈နှစ်နဲ့ ၁၂ နှစ်ကြား အရွယ်တွေလုပ် ရည်ကိုင်ရည်အပေါ် မူတည်ပြီး ၈ သောင်းကနေ ၁ သိန်းထိရကြတယ်။ ပွဲစားကတော့ တစ်နှစ် အယောက် နှစ်ဆယ် ပို့နေတာပဲ။ အိမ်ရှင်မကြိုက်ရင်လည်း နောက်တစ်အိမ်ပြောင်းပေးလိုက်တာပဲ။ တော်တော်များများကတော့ ခပ်ငယ် ငယ်ပဲ ကြိုက်ကြတယ်။ ပြန်လာကြတဲ့ သူတွေက အသားတွေ ဖြူလာတယ်။ ဝတ်တတ်၊ စားတတ်လာကြပေမယ့် အိပ်ရေးမဝလို့၊ ကောင်းကောင်းမစားရလို့ ငြီးကြတယ်။ သမီးကတော့ လုပ်ဆို လုပ်နိုင်တယ်။ ဝဝလင်လင် မစားရ၊ မအိပ်ရမှာပဲ စိုးတယ်။
အဲ့ဒီတော့ ရွာမှာပဲ အလုပ် ရှာရတာပေ့ါ။ ကောက်စိုက်၊ ပျိုးနှုတ်၊ ကောက်ရိတ်၊ ခနိထိုး၊ ထင်းသယ်၊ ဝါးခုတ် အားလုံး လုပ်တတ်နေပြီ။ ထင်းတွေကို လှေပေါ် ထမ်းတင်ပေးရတဲ့ အလုပ်ကတော့ ၂၅၀၀ လောက် ရတယ်။ လူကြီး တွေ လုပ်ရင် တစ်နာရီ လောက်ပဲ ကြာပေမယ့် သမီးတို့ ကလေး သုံးယောက်လောက် ဝိုင်းလုပ်ရင်တော့ တစ်နာရီခွဲလောက် ကြာတတ်တယ်။ ခနိထိုးတဲ့အလုပ်ကတော့ သိပ်မပင်ပန်းဘူး၊ ဒါပေမဲ့ တစ်နှစ်မှာ နှစ်ခါပဲလုပ်ရပြီးတော့ အရ လည်း နည်းတယ်။ အဖွားက သူ့ကျန်းမာရေးအရ သမီးရှေ့ရေး စိတ်ချရအောင် သီလရှင် အပြီးဝတ်စေချင်တယ်။ ဒါပေမယ့် သမီးက မဝတ်ချင်ဘူး။ ကျောင်းပြန်တတ်နိုင်ဖို့ပဲ ဆုတောင်းနေမိတယ်။
ဤသင်ခန်းစာမဆက်ခင် ယခုဖတ်ခဲ့တဲ့ ပုံပြင်ကို စဉ်းစားကြည့်ပါ။ခင်တစ်ယောက် အဖေ့ကို ဆုံးရှုံးလိုက်ရပြီး အမေကလည်း သူ့ကို စွန့်ပစ်သွားတဲ့အခါ ဘယ်လို ခံစားရမလဲ။မျှော်လင့်ချက်မဲ့နေတဲ့ ကလေးအလုပ်သမားတစ်ယောက်အနေနဲ့ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ ဘာတွေဖြစ်နိုင်လဲ။ခင်ရဲ့ လက်ကို ဆုပ်ကိုင်ပြီး အားပေးဖို့အချိန်တန်ပြီလား။

## ကျွန်ုပ်တို့ရဲ့ အနာဂတ်အတွက်

ကလေးအလုပ်သမားများသည် အရွယ်ရောက်ပြီးသောလူကြီးအလုပ်သမားများကဲ့သို့ပင် တူညီသောအန္တရာယ် များကို ကြုံတွေ့ရသော်လည်း ၎င်းတို့သည် ထိခိုက်ဒဏ်ရာရခြင်း၊ ဖျားနာခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ခံနိုင်ရည်အားနည်းခြင်းနှင့် သေဆုံးခြင်းအထိ ဖြစ်နိုင်ခြေပိုများပါသည်။

## နှစ်စဉ် ခန့်မှန်းခြေ ကလေး ၁၅ သန်းခန့် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရနေပါသည်။

အသက် ၅နှစ်မှ ၁၇နှစ်ကြားရှိ ကလေးအုပ်စုများတွင် ပြင်းထန်သောကျန်းမာရေးထိခိုက်မှုအခြေအနေ ကြုံတွေ့ရမှုသည် တစ်နှစ်လျှင် ခန့်မှန်းခြေ ၁၀၆.၄ သန်းရှိသည်။
ကလေးအများစုသည် ၎င်းတို့၏ထူးခြားသော ခန္ဓာဗေဒ၊ ဇီဝကမ္မနှင့် စိတ်ပိုင်းဆိုင်ရာ ဝိသေသလက္ခဏာများကြောင့် အလုပ်အန္တရာယ်များကို ခုခံနိုင်စွမ်းပို၍ အားနည်းကြသည်။ ကလေးများသည်

- ကျရောက်လတ္တံ့ အန္တရာယ်ကို ကွဲပြားစွာနှင့် (ဆင်ခြင်တုံတရားနည်းစွာ) တုံ့ပြန်ခြင်း
- ဘဝနှင့် အလုပ်အတွေ့အကြုံ မရှိခြင်း၊ အန္တရာယ်နှင့်ပတ်သက်သောအသိနှင့် သင့်လျော်သော တုံ့ပြန်မှုမရှိခြင်း
- အမြဲတမ်းနီးပါး လေ့ကျင့်သင်ကြား မထားခြင်း/ လုံလောက်စွာ မလေ့ကျင့်ထားရခြင်း
- ဓာတုပစ္စည်းများနှင့် ဖိစီးသောအလုပ်တာဝန်များကြောင့် ပိုမိုထိခိုက်လွယ်ခြင်း
- မောပန်းလွယ်ပြီး အာရုံမစိုက်နိုင်သောကြောင့် ထိခိုက်ဒဏ်ရာဖြစ်စေနိုင်ခြင်းတို့ကိုလည်း ကြုံ ရနိုင်သည်။

## ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုသည် အများပြင့် ရေရှည်ဖြစ်သည်။

နာရီများစွာ အလုပ်လုပ်ရခြင်းကြောင့် ကလေးများ၏ ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည်။ ရေရှည် သို့မဟုတ် အမြဲခံစားရမည့် ရောဂါများမှာ

- ဖုန်မှုန့်များနှင့်ထိတွေ့မှုကြောင့် အဆုတ်ရောဂါဖြစ်ခြင်း
- လေးလံသောဝန်ကိုသယ်ရသောကြောင့် ကြွက်သားနှင့် အရိုးမသန်မစွမ်းဖြစ်ခြင်း
- ပိုးသတ်ဆေး၊ စက်မှုဓာတုပစ္စည်းများနှင့် ထိတွေ့မှုကြောင့် ကင်ဆာနှင့် မျိုးပွားမှုဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ခြင်း
- အလုပ်ချိန်ကြာမြင့်မှု၊ မိလ္လာစနစ်ညံ့ဖျင်းမှုနှင့် စိတ်ဖိစီးမှု ကဲ့သို့ အကြောင်းအရင်းများကြောင့် အထွေထွေသက်ရောက်မှုများ ဖြစ်ခြင်း တို့ ဖြစ်သည်။

## စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများသည် မကြာခဏဆိုသလိုပင် ဖုံးကွယ်နေတတ်ပြီး အရွယ်ကြီးရင့်လာသောအချိန်တွင်သာ တွေ့ရတတ်သည်။

ကလေးများသည် လူကြီးများထက် အလွယ်တကူ ခြိမ်းခြောက်ခံရနိုင်သောကြောင့် အနိုင်ကျင့်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း သို့မဟုတ် ညှင်းပန်းနှိပ်စက်ခံရခြင်းတို့ ကြုံရနိုင်ဖွယ်ရှိသည်။ ယင်းအတွက်ကြောင့်

- စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ခြင်း။
- မိမိကိုယ်မိမိတန်ဖိုးထားမှုအားနည်းခြင်း။
- ကိုယ့်ကိုယ်ကို ယုံကြည်မှုကင်းမဲ့ခြင်း။
- လူမှုဆက်ဆံရေးတွင် ပြဿနာများ ဖြစ်ခြင်း။
- ပေါင်းသင်းဆက်ဆံရေး ပုံသွင်းခံရခြင်းတို့ကြုံ ရဖွယ်ရှိသည်။

ထို့အပြင် ကလေးအလုပ်သမားဖြစ်ခဲ့ပါက ကလေး၏ ပညာရေးကို လက်လှမ်းမီမှုအား အဟန့်အတားဖြစ်စေနိုင်ပြီး စာသင်ကျောင်းနှင့် အလုပ်ဆိုင်ရာ မျိုးစုံသော ဝန်ပိမှုကို ဖြစ်စေနိုင်သည်။ စိတ်ဖိစီးမှုတိုးလာပြီး သူတို့၏ သိမြင်တတ်မှု၊ စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ တိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။



## လေ့လာမှုမှတ်တိုင်

စောစောက သမီးရဲ့မေးခွန်းလေးကို ပြန်ပြီးစဉ်းစားကြည့်ရအောင်။ တကယ်လို့ ကလေးတွေ ကျောင်းပျက်ပြီး ကလေးအလုပ်သမားအရေအတွက်က တိုးပွားလာမယ်ဆိုရင် အကျိုးဆက်တွေက ဘာတွေဖြစ်မလဲ။

ကလေးအလုပ်သမားပြဿနာကို မဖြေရှင်းလျှင် မြန်မာနိုင်ငံရဲ့အနာဂတ်မှာ ဖြစ်လာမယ့် ရေရှည်အကျိုးဆက်တွေကို သင်ခန့်မှန်းနိုင်ပါသလား။

**သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။**

အဖြေတစ်ခုထက် မှန်နိုင်ပါသည်။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — ကလေးအလုပ်သမားများသည် ကျောင်းတက်ရန် ခက်ခဲသည်။ ထို့ကြောင့် ပညာအရည်အသွေး နိမ့်ပါးသော အလုပ်သမားအင်အားစုဆီကို ဦးတည်နေပါသည်။
- ☐ ခ — ကလေးအလုပ်သမားများ၏ အန္တရာယ်များသည် ပါဝင်ပတ်သက်နေသောကလေးများအား ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ ဖြစ်စေနိုင်ပြီး ၎င်းတို့၏ ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များ မြင့်တက်စေနိုင်ကာ ဆင်းရဲမွဲတေမှုကို ရှည်ကြာစေနိုင်ပါသည်။
- ☐ ဂ — ကလေးအလုပ်သမားများသည် အကန့်အသတ်ရှိပြီး ပညာတတ်သော၊ ကျွန်းမာသော အလုပ်သမားအင်အားစုတို့ကို မဖြစ်စေသောကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။
- ☐ ဃ — ကလေးများထဲမှ ကလေးအလုပ်သမားများသည် နာမကျန်းမှုနှင့် ထိခိုက်မှုများ ဖြစ်နိုင်သည်။

သင်ခန်းစာ ၇/၈

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၁။ **ကလေးအလုပ်သမား ကိစ္စက ဘယ်လောက်အရေးကြီးပါသလဲ** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို ချင့်တွက်ခြင်းဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲမဟုတ်သည့်အတွက် အောင်မှတ်မရှိပါ။ သင်အမှားတွေကို ဖြေမိခဲ့လျှင် မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ သက်ဆိုင်ရာအချက်အလက်များကို ပြန်လည်လေ့လာမှုပြုလုပ်ပါ။

သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။

သင့်လျော်သောရွေးချယ်မှုများပြုလုပ်ပြီး အဖြေမှန်များကို ဤစာအုပ် အနောက်ဘက်တွင်ပါသော "နောက်ဆက်တွဲ အဖြေများတွင်" ကြည့်ရှုနိုင်ပါသည်။

ကံကောင်းပါစေ။

## မေးခွန်း ၁ / ၃

ကောင်းကောင်း သည် အသက် ၁၂ နှစ်ဖြစ်သည်။ သူသည် မွန်းလွဲပိုင်းတွင် မိသားစု၏လယ်ထဲတွင် မကြာခဏ ကူညီပြီး မနက်ပိုင်းတွင် ကျောင်းသွားသည်။ ကောင်းကောင်း၏အဖေက သူ့အား စပါးစိုက်ခင်းတွင် ပိုးသတ်ဆေး ဖြန်းရန် စေခိုင်းသည်။

**ဤဖြစ်စဉ်သည် ကလေးအလုပ်သမားဟု သင်ထင်ပါသလား။**

သက်ဆိုင်သော အဖြေများကို ရွေးပါ။

- ☐ က — မှန်ပါတယ်၊ ဒါက ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်မြောက်ပါတယ်။ ကောင်းကောင်း ဟာ အသက် ၁၄ နှစ်အောက်ဖြစ်ပြီး မြန်မာနိုင်ငံဥပဒေအရ အလုပ်မလုပ်သင့်ပါဘူး။ ထို့အပြင် ILO ၏ အကြံပြုထောက်ခံချက်အမှတ် ၁၉၀ အရ ပိုးသတ်ဆေးနှင့် အလုပ်လုပ်ခြင်းကို အန္တရာယ်ရှိသော အလုပ်အဖြစ် သတ်မှတ်ထားပါတယ်။
- ☐ ခ — မဟုတ်ပါဘူး။ ဒါက ကလေးအလုပ်သမားဖြစ်စဉ်မမြောက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကောင်းကောင်းဟာ ILO ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ အရ ခွင့်ပြုထားတဲ့ အိမ်အလုပ်ပိုင်းကူနေခြင်းသာဖြစ်ပြီး ဒီအလုပ်က သူ့ကျောင်းစာကိုလည်း အနှောင့်အယှက်မဖြစ်စေပါဘူး။
- ☐ ဂ — မှန်ပါတယ်၊ ဒါက ကလေး အလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်မြောက်ပါတယ်။ ILO ၏ ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ အရ ၁၂ နှစ်သားက ကျောင်းချိန်ပြီးချိန်မှာ လယ်မြေမှာကူညီ လုပ်ကိုင်ဖို့ အဆင်ပြေသော်လည်း ILO ၏ အကြံပြုထောက်ခံချက်အမှတ် ၁၉၀ မှာမူ အန္တရာယ်မရှိသော အလုပ်ကိုသာ ခွင့်ပြုထားသောကြောင့် ပိုးသတ်ဆေးဖြန်းခိုင်းတာမျိုး မလုပ်ခိုင်းသင့်ပါ။

# မေးခွန်း ၂/ ၃

အိသည် အသက် ၁၆ နှစ်အရွယ် ဖြစ်သည်။ သူမ၏ မိသားစုသည်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သောကြောင့် အိသည် ကျောင်း တက်နောက်ကျခဲ့သဖြင့် မူလတန်းပညာရေးပင် မပြီးဆုံးသေးပေ။ သူမရဲ့ ဖခင်သည် ယမန်နှစ်က မတော်တဆမှု တစ်ခုကြုံ ခဲ့ရပြီး ၎င်းတို့မိသားစုသည် ဝမ်းရေးဖြေရှင်းနိုင်ရန် ရုန်းကန်နေရသည်။ အိ ၏အဒေါ်သည် အိအား ရန်ကုန်တွင် အိမ်အကူအလုပ် ရှာပေးခဲ့သည်။ သို့သော် အိသည် အလုပ်လုပ်ရန် ကျောင်းထွက်ဖို့ လိုအပ်နေပါသည်။

**အိ က သဘောတူရင် ဤဖြစ်စဉ်က ကလေးအလုပ်သမားခိုင်းစေခြင်းအမှု မြောက်ပါသလား။**

သက်ဆိုင်သော အဖြေများကို ရွေးပါ။

- ☐ က — မမြောက်ပါ။ မြန်မာနိုင်ငံဥပဒေနှင့် ILO ပြဋ္ဌာန်းချက်အမှတ်- ၁၃၈ အရ အချိန်ပြည့်အလုပ်များကို ခွင့်ပြုထားသောကြောင့် ထိုဖြစ်စဉ်သည် ကလေးအလုပ်သမားခိုင်းစေမှု မမြောက်နိုင်ပါ။ အိမ်အကူအလုပ်သည် အန္တရာယ်ရှိသောအလုပ် မဟုတ်သောကြောင့် အိသည် ဘေးကင်းလိမ့်မည်ဖြစ်သည်။
- ☐ ခ — မြောက်ပါတယ်။ ဒါက ကလေးအလုပ်သမားခိုင်းစေမှုကိစ္စဖြစ်လာမှာပါ။ အဘယ်ကြောင့်ဆိုသော် အချိန်ပြည့်အလုပ်များကို မြန်မာနိုင်ငံဥပဒေနှင့် ILO ပြဋ္ဌာန်းချက်အမှတ်- ၁၃၈ အရ ခွင့်ပြုထားသော်လည်း မူလတန်းပညာရေး မဖြစ်မနေပြီးစီးရမည်ဟု သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ အိမ်ကူအလုပ်သည် အလုပ်ရှင်၏ စိတ်နှင့် ရုပ်ပိုင်းဆိုင်ရာ စော်ကားမှုကြောင့် အန္တရာယ်ရှိနိုင်ပါသည်။ ထို့အပြင် အိသည် အလုပ်ချိန် အလွန်အကျွံခိုင်းစေမှုကိုလည်း ကြုံတွေ့ရနိုင်သည်။
- ☐ ဂ — မြောက်ပါတယ်။ ဒါက ကလေးအလုပ်သမားခိုင်းစေမှုကိစ္စဖြစ်လာမှာပါ။ အဘယ်ကြောင့်ဆိုသော် အချိန်ပြည့်အလုပ်များကို မြန်မာနိုင်ငံဥပဒေနှင့် ILO ပြဋ္ဌာန်းချက်အမှတ်- ၁၈၂ အရ ခွင့်ပြုထားသော်လည်း မူလတန်းပညာရေး မဖြစ်မနေပြီးစီးရမည်ဟု သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ အိမ်အကူအလုပ်သည် အလုပ်ရှင်၏ ရုပ်ပိုင်း စိတ်ပိုင်း စော်ကားမှုများနှင့် အလုပ်ချိန် အလွန်အကျွံခိုင်းစေခြင်းတို့ကို ကြုံတွေ့ရနိုင်ခြင်းတို့အပြင် အိုင်အယ်လ်အို ပြဋ္ဌာန်းချက်အမှတ်-၁၈၂အရ အဆိုးရွားဆုံး ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်သည်။

# မေးခွန်း ၃/ ၃

ကလေးအလုပ်သမားအရေအတွက်မြင့်တက်လာရခြင်း အကြောင်းအရင်းများစွာရှိသည်။

**ထိုမြင့်တက်လာရခြင်းဖြစ်စဉ်တွင် အောက်တွင်ဖော်ပြထားသည့် အချက်များထဲမှ မည်သည့်အချက်က မှန်ကန်ပါသနည်း။**

သက်ဆိုင်သော အဖြေများကို ရွေးပါ။

- ☐ က — တစ်ကမ္ဘာလုံးတွင် ကလေးအလုပ်သမားအရေအတွက် သန်း ၁၆၀ ရှိသည်ဟု နောက်ဆုံးထုတ်ပြန်ထားသော စာရင်းများတွင် တွေ့ရသော်လည်း ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် ကလေးအလုပ်သမား အရေအတွက် ပိုမိုဆိုးရွားအောင် လုပ်ဆောင်ခဲ့ဖွယ်ရှိသည်။
- ☐ ခ — ကလေးအလုပ်သမားခိုင်းစေခြင်း တိုက်ဖျက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုသည် ၂၀၁၆ ခုနှစ်ကတည်းက တန့်သွားခဲ့သည်။
- ☐ ဂ — သက်သာလျော့ပါးစေရန် စီမံဆောင်ရွက်ချက်များ မလုပ်ဆောင်ပါက ကလေးအလုပ်သမားအရေအတွက်သည် ၂၀၂၀ ပြည့်နှစ်တွင် သန်း ၁၆၀ ရှိရာမှ ၂၀၂၂ ခုနှစ် နှစ်ကုန်မတိုင်မီ ၁၆၈.၉ သန်းအထိ မြင့်တက်လာနိုင်သည်။

သင်ခန်းစာ ၈/၈

# ▶ အနှစ်ချုပ်

အောက်ဖော်ပြပါများသည် ယခုသင်ခန်းစာတွင် သင် လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များ ဖြစ်သည်။အရေးကြီးသောအမှတ်ရစရာများအတွက်အောက်တွင်ဖတ်ရှုပါ။



အုတ်ဖုတ်လုပ်ငန်းတွင် အလုပ်လုပ်နေသော ကလေးအလုပ်သမားတစ်ဦး၊ မော်လမြိုင်၊ မြန်မာ၊ ၂၀၁၈။ © ပင်နွန်နှင့် အေးအေးခိုင်/ အိုင်အယ်လ်အို

## ပြဋ္ဌာန်းချက်များနှင့် ဥပဒေများ

UNCRC တွင် ကလေးတစ်ယောက်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့၏ပြဋ္ဌာန်းချက်အမှတ်– ၁၃၈ နှင့် ပြဋ္ဌာန်းချက်အမှတ်– ၁၈၂ တို့တွင် ကလေးအလုပ်သမား ၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်နှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းများနှင့်ပတ်သက်၍လမ်းညွှန်ချက်များပေးထား သည်။ မြန်မာနိုင်ငံသည် ထိုပြဋ္ဌာန်းချက်များအား အတည်ပြုလက်မှတ်ရေးထိုးထားပြီး ကလေးများအား ကာကွယ်ရန်အတွက် ကလေးသူငယ် အခွင့်အရေးဥပဒေ ၊ အလုပ်သမာဥပဒေများ စသည့် အမျိုးသားဥပဒေများကို ရေးဆွဲ အတည်ပြုခဲ့သည်။

## လူမှုစီးပွားရေးဆိုင်ရာတွန်းအားများ

တစ်ကမ္ဘာလုံးတွင် ကလေးအလုပ်သမား အရေအတွက် သန်း ၁၆၀ အထိ မြင့်တက်လာနေသည်။ ဆင်းရဲ မွဲတေမှု ၊ ကိုဗစ် ၁၉ ကူးစက်ကပ်ရောဂါကဲ့သို့ အကျပ်အတည်းများ၊ ခုခံကာကွယ်နိုင်စွမ်းအားနည်းသော အသိုင်းအဝိုင်းများ၊ အရည်အသွေးညံ့ပြီး လက်လှမ်းမမီသော ပညာရေးတို့သည် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား မြင့်တက်လာရခြင်းအတွက် နောက်ကွယ်မှအကြောင်းအရင်းများဖြစ်ကြသည်။
မိသားစုများအတွက်ကလေးတစ်ဦး၏ ဝင်ငွေရရှိခြင်းမှ ရေတိုအကျိုးအမြတ်က ကလေး၏ ပညာရေးဖြစ်သော ရေရှည်အကျိုးအမြတ်ထက် အမြဲတမ်းဦးစားပေးခံရလေ့ရှိသည်။
ငယ်ရွယ်စဉ်တွင် ကလေးများအား အရေးပါသောကျွမ်းကျင်မှုများ သင်ကြားပေးလျှင် အသက်ကြီးလာသောအခါ အလုပ်ကောင်းကောင်းရစေရန် အထောက်အကူဖြစ်စေသည်ဟု မိဘများ၏ ယုံကြည်မှုကလည်း မြန်မာနိုင်ငံ တွင် ကလေးအလုပ်သမားအရေအတွက် မြင့်တက်လာရခြင်း နောက်ကွယ်မှအရေးပါသော နောက်ထပ်အကြောင်းအ ရင်းတစ်ရပ်ဖြစ်သည်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- UN Convention on the Rights of the Child (1989)
- ILO Minimum Age Convention, 1973 (No. 138)
- ILO Worst Forms of Child Labour Convention, 1999 (No. 182)
- ILO Worst Forms of Child Labour Recommendation, 1999 (No. 190)
- ILO. 2017. *"Tool Kit for Development and Implementation of National Action Plans (NAPs) on Child Labour".*
- ILO. 2018. *Combating Child Labour in Myanmar: A Course for Civil Society – Supplemental Information.*
- ILO. 2018. *Combating Child Labour in Myanmar: A Course for Civil Society Organizations – Hand-outs and Resources.*
- ILO. 2021. Child Labour: Global Estimates 2020, Trends and the Road Forward.
- Alliance 8.7


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့မျှော်လင့်ပါသည်။**
**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**
**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၄)၊ စာမျက်နှာ ၉

အောက်တွင်ဖော်ပြထားသည့် မည်သည့်အလုပ်က အန္တရာယ်ရှိသောအလုပ်၏ နမူနာအလုပ် ဖြစ်ပါသနည်း။

ရွေးချယ်စရာများထဲက (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

စွမ်းနှင့် အောင်အောင် နှစ်ယောက်စလုံးသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေနိုင်သော အန္တရာယ်ရှိ သည့်အလုပ်ကို လုပ်ကိုင်နေရသည်။ စန်းစန်းမှာမူ အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေရခြင်း မရှိသော်လည်း ၎င်းအား ကျောင်းပျက်စေသည့် အချိန်ပိုင်းအိမ်အကူ လုပ်ကိုင်ခြင်းသည်လည်း လက်သင့်ခံစရာမကောင်းပေ။ သို့သော် ၎င်းတို့ သုံးဦးစလုံးသည် ကလေးအလုပ်သမားခိုင်းစေခြင်းခံရသည့် သားကောင် များဖြစ်ကြသည်။ အန္တရာယ်ရှိသောအလုပ်ဟုတ်မဟုတ်ကို သုံးပွင့် ဆိုင်အကြံပြုဆွေးနွေးမှုမှတစ်ဆင့် ဖော်ထုတ်သင့်သည်။ ထိုဆွေးနွေးမှုဆို သည်မှာ နိုင်ငံအဆင့်တွင် အစိုးရ၊ အလုပ်သမားနှင့် အ လုပ်ရှင် အဖွဲ့အစည်းများအကြား ဆွေးနွေးခြင်းကိုဆိုလိုသည်။

မြန်မာနိုင်ငံတွင် အန္တရာယ်ရှိသောအလုပ်အကိုင်များ မူကြမ်းစာရင်းကို သုံးပွင့်ဆိုင်ဆွေးနွေးမှုမှတစ်ဆင့် ပြုစုခဲ့သည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၁

အောက်ဖော်ပြပါ အချက်များထဲမှ မည်သည့်အချက်က မှန်ကန်ကြောင်း သင်ခွဲခြားနိုင်ပါသလား။

ရွေးချယ်စရာများထဲက (က) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

မေ နှင့် လှ တို့၏အမှုများသည် ကလေးအလုပ်သမားခိုင်းစေခြင်းအမှုဖြစ်ပြီး အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်မြန်မာနိုင်ငံဥပဒေများကို ချိုးဖောက်ကြောင်း ထင်ရှားသည်။ လွင်သည် အိမ်တွင် အလုပ်များကိုကူညီသည်။ သူသည် ကျောင်းတက်ရပြီး နားချိန် ကောင်းကောင်းရသည်။ ဆိုင်တွင် ပေါ့ပါးသောအလုပ်လုပ်ရပြီး သူ၏ဖြစ်စဉ်မှာ ကလေးအလုပ်သမားခိုင်းစေခြင်းအမှု မမြောက်ပါ။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၆

## လေ့လာမှုမှတ်တိုင်

အောက်ဖော်ပြပါ အခြေအနေများထဲမှ မည်သည့်အရာက ကလေးအလုပ်သမားဖြစ်စဉ် တိုးပွားလာနိုင်သည်ကို သင် ဖော်ထုတ် နိုင်ပါသလား။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဤအခြေအနေများအားလုံးသည် ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်များ တိုးပွားရန်ဦးတည်လာနိုင်သည်။

သင်ခန်းစာ (၆)၊ စာမျက်နှာ ၁၉

## လေ့လာမှုမှတ်တိုင်

ကလေးအလုပ်သမားပြဿနာကို မဖြေရှင်းလျှင် မြန်မာနိုင်ငံရဲ့ အနာဂတ်မှာဖြစ်လာမယ့် ရေရှည်အကျိုးဆက်တွေကို သင်ခန့်မှန်းနိုင်ပါသလား။

ရွေးချယ်စရာများထဲက (က)၊ (ခ)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကလေးအလုပ်သမားဦးရေ ဆက်လက်တိုးပွားလာနေလျှင် ဖော်ပြပါအချက်အလက်များအားလုံးသည် မြန်မာနိုင်ငံ၏ ရေရှည်အနာဂတ်တွင် ဖြစ်လာမည့် အကျိုးဆက်များပင်ဖြစ်သည်။

သင်ခန်းစာ (၇)၊ စာမျက်နှာ ၁၇

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၃

ကောင်းကောင်းက ကလေးအလုပ်သမား အဖြစ်ပါဝင်နေပြီလား။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

မှန်ပါတယ်၊ ဒါက ကလေးအလုပ်သမားခိုင်းစေခြင်းဖြစ်စဉ်မြောက်ပါတယ်။ ကောင်းကောင်းဟာ အသက် ၁၄နှစ်အောက် ဖြစ်ပြီး မြန်မာနိုင်ငံ ဥပဒေအရ အလုပ်မလုပ်သင့်ပါဘူး။ ထို့အပြင် ILO ၏ အကြံပြုထောက်ခံချက်များ၁၉၀ အရ ပိုးသတ်ဆေးနှင့် အလုပ်လုပ်ခြင်းကို အန္တရာယ်ရှိသော အလုပ်အဖြစ် သတ်မှတ်ထားပါတယ်။

မေးခွန်း ၂/၃

အိက သဘောတူလျှင် ဤဖြစ်စဉ်သည် ကလေးအလုပ်သမားခိုင်းစေမှု မြောက်ပါသလား။

ရွေးချယ်စရာများထဲက (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အိက သဘောတူလျှင် အိဖြစ်စဉ်သည် ကလေးအလုပ်သမားခိုင်းစေမှု မြောက်နိုင်ကြောင်းကို သင်က မှန်ကန်စွာ ဖော်ထုတ်ခဲ့ပါသည်။ အိသည် မြန်မာနိုင်ငံ ဥပဒေနှင့် ILO ၏ ပြဋ္ဌာန်းချက်အမှတ် – ၁၃၈ တို့အရ အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံးအသက်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း မူလတန်းပညာရေးပြီးဆုံးရန်လည်း မဖြစ်မနေလိုအပ်နေသည်။ ထိုအိမ်အကူအလုပ်သည် အိ၏ပညာရေးကို မတည်မငြိမ်ဖြစ်စေလိမ့်မည်ဖြစ်သည်။ အိသည် ကျောင်းချိန်အပြီး၌ အချိန်ပိုင်းအိမ်အကူအလုပ်ကို ရရှိလျှင်မူ လက်သင့်ခံစရာဖြစ်ပြီး သူမအား အန္တရာယ်များမှ ကာကွယ်မှုပေးနိုင်လိမ့်မည်ဖြစ်သည်။ အိမ်အကူအလုပ်သည် အလွန်အမင်း သီးသန့်ဆန်ပြီး အထူးသဖြင့် ကလေးများသည် ၎င်းတို့၏ သူငယ်ချင်းများနှင့် မိသားစုများနှင့် အဝေးတွင် အိမ်အကူအဖြစ်လုပ်ရန် ကိုယ်တိုင်သွားရောက်ကြရသည်။ ယင်းသည် အိ၏စိတ်ကျန်းမာရေးကို အဆိုးသဘောသက်ရောက်သောအန္တရာယ်ရှိသော အနေအထားတစ်ခုဖြစ်စေနိုင်သည်။ အိသည် ၎င်း၏ အလုပ်ရှင်များမှ အကြမ်းဖက်မှုသို့မဟုတ် စော်ကားမှု အလုပ်အလွန်အကျွံခိုင်းစေမှုကဲ့သို့ အန္တရာယ်များလည်း ကြုံရနိုင်သည်။

မေးခွန်း ၃/၃

ကလေးအလုပ်သမားအရေအတွက် မြင့်တက်လာရခြင်း အကြောင်းအရင်းတွင် မည်သည့်အချက်က မှန်ပါသနည်း။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ထုတ်ပြန်ချက်အားလုံးမှန်ကန်ပါသည်။

## မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

### ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့် အတူ ဆန့်ကျင်တိုက်ဖျက်ရန် အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့် အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။
“မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်” သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။
ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။
သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။
ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦး အဖြစ်ရှိနေပါသည်။


**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org



ISBN 978-92-2-039016-0